# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက်　　၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၈ ရက်၊ စနေနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၈၆]


ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့ လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး၊ တိုင်းသူပြည်သား ညီညွတ်ရေး၊ လူထုရဲ့ညီညွတ်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက် ထမ်းပိုးတိုးပြီးလုပ်ကြဖို့လိုတယ်။ (ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတဦးသိန်းစိန် လွိုင်ကော်တွင် ဂိုဏ်းအုပ်ဆရာတော်၊ ဘာသာရေးခေါင်းဆောင်များနှင့်ရင်းနှီးစွာတွေ့




**နေပြည်တော်　ဇူလိုင်　၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေ ၄ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့နယ်ရှိ ဆရာတော်ကြီးများအား လွိုင်ကော်မြို့ ရွှေတောင်ပရိယတ္တိစာသင်တိုက် ဓမ္မဒါယဗိမာန်၌ ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ အမှူးပြုသည့် ဧည့်ပရိသတ်များက နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့ကြပြီး ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✼

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂိုဏ်းအုပ်ဆရာတော်နှင့် ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာရေးခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(ဓာတ်ပုံ-ပြန်/ဆက်)




**သံလွင်မြစ် အရှေ့နှင့် အနောက်ခြမ်းကို ဆက်သွယ်ပေးမည့် သံလွင်တံတား(ဖားဆောင်း)ကို တွေ့ရစဉ်။** (သတင်း၊ စာမျက်နှာ-၁၀)

(ဓာတ်ပုံ-ပြန်/ဆက်)

## ယနေ့ » မာတိကာ


ဒေသတွင်းလုံခြုံရေးဖိုရမ်အတွက် တောင်ကိုရီးယားက မြောက်ကိုရီးယားကို ဖိတ်ခေါ်　စာ » ၄

ဆောင်းပါး: အာဏာနည်နေ့ကိုဖြင့် မြန်မာတွေ အဝိဇ္ဇာနှင့်တစ်မျိုးရယ်နဲ့ ဦးညွတ်လို့အလေးပြုစေချင်　စာ » ၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အလုပ်ကြိုးစားမှ အာဇာနည်တွေကို အလေးပြုရာရောက်မည်

ကျွန်ုပ်တို့နိုင်ငံတွင် တိုင်းပြည်နှင့် လူမျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်ရင်း အသက်ပေးလှူသွားကြသူ မြောက်မြားစွာရှိပါသည်။ မြန်မာ့သမိုင်းကြောင်းတစ်လျှောက် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာရော ယနေ့ခေတ်အထိပါ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးလှူခဲ့ကြသူ အများအပြားပင်ရှိပါသည်။ ထိုပုဂ္ဂိုလ်များသည် အာဇာနည်သူရဲကောင်းများပင် ဖြစ်ပါသည်။ အာဇာနည်သူရဲကောင်းများအား ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက အမှတ်တရ အလေးပြုကြရမည်ဖြစ်ပါသည်။

သို့သော် အာဇာနည်သူရဲကောင်းများအား အမှတ်ရနေရုံနှင့်မပြီးပါ။ အလေးပြုရုံနှင့် ကျေနပ်မနေသင့်ပါ။ အာဇာနည်သူရဲကောင်းများ၏ ကြိုးပမ်းအားထုတ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ထာဝစဉ်အဓွန့်ရှည်တည်တံ့အောင် ဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အမြန်ဆုံး တက်လှမ်းသွားနိုင်ရန် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း အားထုတ်ကြရန် တာဝန်ရှိပေသည်။

ထို့ကြောင့်လည်း အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက် အာဇာနည်ကျောက်တိုင်စိုက်ထူပွဲတွင် "ယနေ့ကျင်းပတဲ့ပွဲဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် တိုက်ခိုက်ရာမှာ ကျဆုံးသွားတဲ့ ရဲဘော်တွေကိုရည်စူးပြီး ချီးကျူးတဲ့အထိမ်းအမှတ်ဖြစ်ပါတယ်။ ရဲဘော်တွေဟာ တိုင်းပြည်နဲ့လူမျိုးအတွက် အသက်စွန့်သွားကြတာကိုလည်း အများသိပြီးဖြစ်ပါတယ်။ ဒီနေရာမှ စုရုံးပြီး အရိုအသေပြုနေရုံမျှဖြင့် ကျဆုံးသွားတဲ့ရဲဘော်များကို ချီးကျူးရာရောက်မှာမဟုတ်ပါဘူး။ တကယ်ချီးကျူးရာရောက်အောင် ကျွန်တော်တို့ရဲ့ ရဲဘော်များသွေးနဲ့စိုက်ပျိုးထားတဲ့ လွတ်လပ်ရေးပျိုးပင်ကို ကျွန်တော်တို့က အစဉ်တစိုက်မြေတောင်မြှောက်ပေးပြီး ပေါင်းသင်ပေးဖို့ လိုပါတယ်။ ဒီလိုဆက်လက်ပြီး ကြိုးပမ်းအားထုတ်လုပ်ကိုင်ကြပါမှ တကယ်ချီးကျူးရာရောက်မှဖြစ်ပါတယ်။ ကျဆုံးသွားသူများကို အမြဲအမှတ်ရနေပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးရှိမယ့် အလုပ်လုပ်ကြရမှာဖြစ်ပါတယ်။ ဒီလိုမလုပ်နိုင်ဘူးဆိုရင် ကျဆုံးသွားတဲ့ရဲဘော်တွေကို သစ္စာဖောက်ရာ ရောက်ပါတယ်" ဟူ၍ မိန့်ကြားခဲ့လေသည်။

မှန်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမှာကြားခဲ့သည့်အတိုင်း အာဇာနည်သူရဲကောင်းများအား အမှတ်ရနေရုံနှင့်မပြီးပါ။ စည်းကမ်းရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ဆီသို့ အရောက်ချီတက်သွားနိုင်ရမည်ဖြစ်ပါသည်။ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဝိုင်းဝန်းကြိုးစား အလုပ်လုပ်ကြရမည်ဖြစ်ပါသည်။ ဝါဒစွဲ၊ ဒေသစွဲ၊ ဘာသာစွဲများကို ဘေးဖယ်ပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးရှိမည့် အလုပ်ဟူသမျှ ပူးပေါင်းလုပ်ကိုင်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ပြည်သူတစ်ရပ်လုံးက အမျိုးသားခေါင်းဆောင်ကြီးနှင့်တကွ အာဇာနည်အပေါင်းကို အလေးထားဂုဏ်ပြုရာရောက်ပါမည်။ အမှတ်ရရာရောက်ပါမည်။ ထို့အတွက် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက တိုင်းပြည်အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်လာစေရေး နိုင်ငံသားအားလုံး အလုပ်ကြိုးစားလုပ်ဆောင်ခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုကြရမည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

## ကျေးလက်လူငယ်များ Computer (Mobile School)သင်တန်းဖွင့်ပွဲ ကျင်းပ

**ခန္တီး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကျေးလက်လူငယ်များ Computer (Mobile School) အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၅) ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက အစိုးရစက်မှုလက်မှုသိပ္ပံ(ခန္တီး)ကျောင်း၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်က အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ နည်းပြဆရာ၊ ဆရာမ များက သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သင်တန်းကာလမှာ ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ကျေးလက်လူငယ်/မောင်မယ်များတက်ရောက်ကြကြောင်း သိရသည်။

**ချန်လော(pr)**

ထင်သာမြင်သာပြုပြင်စရာ

## နားရခေါင်ချောင်း ရေကျော်တံတား ပျက်စီးနေ၍ ပြုပြင်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ ရွှေဘို-မြစ်ကြီးနားသွားသည့်ကားလမ်း အင်းတော်လမ်းပိုင်းရှိ နားရခေါင်ချောင်းရေကျော်သံကူကွန်ကရစ်တံတားသည် ရေထွက်လမ်းကြောင်းများတွင် ရေတိုက်စားမှုများကြောင့် ကျိုးပဲ့ပျက်စီးနေ၍ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ဒေသခံပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

"တံတားရဲ့ ရေထွက်ပေါက်နေရာမှာ တံတားက ချွတ်ယွင်းပျက်စီးနေတယ်။ ဒါတွေကို သက်ဆိုင်ရာက ပျက်စီးမှုမများခင် ပြန်ပြုပြင်ပေးသင့်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါ ရေကျော်တံတားဆောက်လုပ်ထားသော နားရခေါင်ချောင်းသည် ချောင်းဖျားတွင် ကျောက်တုံးကြီးများ ထူထပ်ပေါများသောကြောင့် ရေကြီးရေလျှံသည့်အခါ လိမ့်ဆင်းမျောပါပြီး တောင်ကျချောင်းရေဖြစ်သည့်အတွက် ရေစီးများသန်ခြင်းတို့ကြောင့် တံတားရေကျော်ထွက်ပေါက်မှာ ပျက်စီးလျက်ရှိနေကြောင်း သိရသည်။ အဆိုပါ ရေကျော်တံတားကြီးပျက်စီးမှုကို ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိနေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## မိုးရာသီသစ်ပင်စိုက်

**စဥ့်ကူး ဇူလိုင် ၁၇**

စဥ့်ကူးမြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးတို့အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက်က စည်ပင်သာယာမြို့မဈေးရှေ့ ဇေရာဝတီတံတား (ရတနာသိခ်) အဝိုင်းပတ်လမ်းထိပ်၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် စိန်ပန်းပင်ကြီး၊ တည်ပင်၊ ငုစပ်၊ နွယ်သာကီနှင့် စကြာပန်း စသည့် အရိပ်ရပင် စုစုပေါင်း ၃၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဝင်းမောင်**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း    ၁၇-၇-၂၀၁၅

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

### စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀ - ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ - ၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀ - ၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ - ၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀ - ၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀ - ၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀ - ၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀ - ၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀ - ၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀ - ၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀ - ၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ - ၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀ - ၁၃၀၀၀ |

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၀ |
| ဥရောပ | တစ်ယူရို | ၁၃၃၀.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၈.၇၆ |
| ထိုင်း | တစ်ဘတ် | ၃၅.၅၂၆ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၁၀၀ |
| တရုတ် | တစ်ယွမ် | ၁၉၄.၈၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈.၀၄ |

ခင်ရတနာ-စုစည်းသည်။

✻ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည်ဆရာတော်ကြီးထံမှ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ အမှူးပြုသည့် ဧည့်ပရိသတ်များက ရွှေတောင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက သက်တော်ရှည်ဆရာတော်ကြီး အမှူးပြုသည့် သံဃာတော် အရှင်သူမြတ်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ယင်းနောက် လွိုင်ကော်မြို့ လွိုင်ကော်ကက်သလစ် သာသနာသို့ ရောက်ရှိကြပြီး ဂိုဏ်းအုပ်ဆရာတော်ကြီး စတီးဗင်းတျေးဖဲနှင့် ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာရေးခေါင်းဆောင်များအား ရင်းနှီးစွာ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် လက်ထောက်ကျောင်းထိုင်ဆရာတော် Fr. Celso Ba Shwe က ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် လွိုင်ကော် ကက်သလစ် သာသနာဂိုဏ်းအုပ်ဆရာတော် စတီးဗင်းတျေးဖဲက ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် လွိုင်ကော်ကက်သလစ် သာသနာအတွက် ဆန်အိတ် ၁၅၀ နှင့် ဆီပုံးများ ပေးအပ်လှူဒါန်းရာ ဂိုဏ်းအုပ်ဆရာတော်က လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဂိုဏ်းအုပ်ဆရာတော်တို့က အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဂိုဏ်းအုပ်ဆရာတော်နှင့် ရဟန်းတော်များ၊ သီလရှင်များနှင့် ဘာသာရေးခေါင်းဆောင်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်မင်ရင်းနှီးစွာ နှုတ်ဆက်သည်။

ဆက်လက်၍ လွိုင်ကော်ကက်သလစ်သာသနာ့ဗဟို ကျောင်းတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ကယားပြည်နယ်ဝန်ကြီးချုပ်က လွိုင်ကော်မြို့တော်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံမှုနှင့်အတူ တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကယားပြည်နယ် ဖရူဆိုမြို့သို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ကယားပြည်နယ် လွိုင်ကော်လေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်တွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ဖရူဆိုမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး ဆေးကုသမှုခံယူလျက်ရှိသည့် လူနာများအား ရင်းနှီးစွာ တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးသိုလှောင်ခန်းအား ကြည့်ရှုစစ်ဆေးပြီး ရာသီအလိုက် ဖြစ်ပေါ်တတ်သည့် ရောဂါများအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်နှင့် လိုအပ်သည့် ဆေးဝါးပစ္စည်းများဖြည့်တင်းထားရန် တာဝန်ရှိသူများအား မှာကြားသည်။



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အခြေခံပညာအထက်တန်းကျောင်း(ဖရူဆို)ရှိ ကျောင်းသား ကျောင်းသူများအား ရင်းနှီးစွာ တွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အခြေခံပညာအထက်တန်းကျောင်း (ဖရူဆို)သို့ ရောက်ရှိကြပြီး ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

**(သတင်းစဉ်)**

## မစ္စတာ ဟုန်လျန်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဇူလိုင် ၁၇**

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ မစ္စတာ ဟုန်လျန်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာဟုန်လျန်သည် ၁၉၆၉ ခုနှစ် စက်တင်ဘာလတွင် မွေးဖွားခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ဝင်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မလေးရှားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးများတွင် အသီးသီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ လက်ရှိကာလအထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာဟုန်လျန်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း) နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာ့ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# အမေရိကန်စစ်ဘက်အဆောက်အအုံနှစ်ခု၌ သေနတ်ပစ်ခတ်မှုကြောင့် တပ်ဖွဲ့ဝင်လေးဦးသေဆုံး

**ဝါရှင်တန် ဇူလိုင် ၁၇**


အမေရိကန်နိုင်ငံ တင်နက်ဆီပြည်နယ် ချတ်တန်နိုဂါမြို့ရှိ စစ်ဘက်အဆောက်အအုံနှစ်ခု၌ သေနတ်ပစ်ခတ်မှုများ ကြာသပတေးနေ့က ဖြစ်ပွားခဲ့ရာ အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦးသေဆုံးသွားကြောင်း၊ မကြာမီအဆိုပါ သေနတ်သမားလည်း သေဆုံးသွားကြောင်း အာဏာပိုင်များက ပြောသည်။

အဆိုပါ သေနတ်ပစ်ခတ်မှုဖြစ်စဉ်နှစ်ရပ်သည် မိနစ် ၃၀ ခန့်သာကြာကြောင်း နံနက် ၁၁ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ စစ်သားစုဆောင်းရေးတပ်နှင့် ၁၀ ကီလိုမီတာအကွာ အရန်ရေတပ်ဌာနချုပ်တို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းများက ဆိုသည်။

ယင်းတိုက်ခိုက်ရေးသေနတ်သမားကို အက်ဖ်ဘီအိုင်ထောက်လှမ်းရေးအဖွဲ့က အသက် ၂၄ နှစ် အရွယ်ရှိ မိုဟာမက်ယူဆက်အဗ္ဗဒူလာဇီဟု ဖော်ထုတ်အတည်ပြုနိုင်ခဲ့သည်။ အက်ဖ်ဘီအိုင်၏ ဦးဆောင်မှုနှင့်အတူ ပြည့်စုံလုံလောက်သော စုံစမ်းမှုများ ဆက်လက်ပြုလုပ်နေကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ ကာကွယ်ရေးအဆောက်အအုံအားလုံးကို လုံခြုံစိတ်ချစွာ ပြုလုပ်ထားဖို့ ကာကွယ်ရေးဝန်ကြီးဌာနကို ဆက်သွယ်အကြောင်းကြားထားပါတယ်" ဟု သမ္မတအိုဘားမား၏ ကြေညာချက်တွင်ဖော်ပြသည်။

ပြည်တွင်းအကြမ်းဖက်သမားအဖြစ် ဒေသခံများ၏ပြောကြားချက်အပေါ် အခြေခံပြီး စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေကြောင်း ကြာသပတေးနေ့အစောပိုင်းတွင် အက်ဖ်ဘီအိုင်က ပြောသည်။ **(ဆင်ဟွာ)**



# ဂရိဘဏ်အားလုံး ပြန်လည်ဖွင့်လှစ်မည်




**အေသင် ဇူလိုင် ၁၇**

သုံးပတ်ကြာ ဘဏ်အားလပ်ရက်ဖြစ်ခဲ့ပြီးနောက် လာမည့် တနင်္လာနေ့မှစတင်ကာ ဂရိဘဏ်အားလုံး ပြန်လည် ဖွင့်လှစ်လိမ့်မည်ဖြစ်ကြောင်း ဂရိဒုတိယဘဏ္ဍာရေးဝန်ကြီး ဒီမီထရစ်မာဒက်က အေသင်မြို့၌ ကြာသပတေးနေ့တွင် ပြောကြားသည်။

"ဘဏ်အားလုံးပြန်လည်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ နိုင်ငံသားတွေအတွက် ဝန်ဆောင်မှုပေးနိုင်တော့မှာ ဖြစ်ပါတယ်"ဟု မာဒက်က ဂရိရုပ်မြင်သံကြား အီးအာတီမှတစ်ဆင့် ပြောကြားသည်။

"ဂရိစီးပွားရေး လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာအောင်လည်း ဆောင်ရွက်နိုင်တော့မှာဖြစ်ပါတယ်" ဟု အဆိုပါ တာဝန်ရှိသူက ပြောသည်။ သို့သော်လည်း ဂရိပြည်သူများအနေဖြင့် နေ့စဉ်ယူရိုငွေ ၆၀ အထိသာ ထုတ်ခွင့်ရှိမည်ဖြစ်ကြောင်း ATM စက်များရှေ့တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းစရာမလိုဘဲ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း ၄င်းက ပြောကြားသည်။

ဂရိနိုင်ငံနှင့် ယူရိုဇုန်နိုင်ငံများ တနင်္လာနေ့က ချေးငွေမူဘောင် တစ်ရပ်သဘောတူညီမှုရရှိပြီးနောက် ဘဏ်အားလုံးပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ဇွန် ၂၉ ရက်မှစတင်ကာ ကြွေးမြီကိစ္စဆွေးနွေးမှု အဆင်မပြေဖြစ်ခဲ့ပြီးနောက် ဂရိဘဏ်များအားလုံး ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ဘဏ်ခွဲပေါင်း ၁၀၀၀ သာလျှင် ပင်စင်စားများနှင့် ATM စက်များမှ ငွေထုတ်ရန်၊ အကြွေးဝယ်ကတ်မရှိသော အလုပ်လက်မဲ့များအတွက် ခြွင်းချက်ဖွင့်ထားပေးခဲ့သည်။ **(ဆင်ဟွာ)**

# ဒေသတွင်းလုံခြုံရေးဖိုရမ်အတွက် တောင်ကိုရီးယားက မြောက်ကိုရီးယားကို ဖိတ်ခေါ်

**ဆိုးလ် ဇူလိုင် ၁၇**

လာမည့်စက်တင်ဘာလတွင် တောင်ကိုရီးယား၌ လက်ခံကျင်းပမည့် ဒေသတွင်းလုံခြုံရေးဖိုရမ်သို့ တက်ရောက်ရန် မြောက်ကိုရီးယားကို ဖိတ်ခေါ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးက သောကြာနေ့တွင် ပြောသည်။

ဝန်ကြီးဌာနက ဖိတ်ကြားလွှာကို ကာကွယ်ရေးဒုတိယဝန်ကြီး ဘက်ဆွန်ဂျိုးထံသို့ နံနက် ၁၀ နာရီ ၂၅ မိနစ်ခန့်က ပေးပို့ခဲ့ကြောင်း သိရသည်။

အာရှ-ပစိဖိတ်ဒေသတွင်း စစ်ရေးယုံကြည်မှုတည်ဆောက်ရန် ဆွေးနွေးပွဲများကို ၂၀၁၂ ခုနှစ်ကတည်းက လုပ်ဆောင်ခဲ့သည်။ တောင်ကိုရီးယားတွင် ကျင်းပမည့် ဒုတိယဝန်ကြီးများအဆင့် ဒေသတွင်းလုံခြုံရေးဖိုရမ်သို့ တက်ရောက်ရန် မြောက်ကိုရီးယားကို ဖိတ်ကြားခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ဖိတ်ကြားချက်များအရ ယခုနှစ်ဖိုရမ်တွင် တက်ရောက်သူများအနေဖြင့် ကမ္ဘာကြီးနှင့် ဒေသတွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်ကို လေးကြိမ်မြောက်အဖြစ် မြို့တော်ဆိုးလ်၌ စက်တင်ဘာ ၉ ရက်မှ သုံးရက်တာကျင်းပမည်ဖြစ်ပြီး သုံးကြိမ်မြောက်ဖိုရမ်ကို ပြီးခဲ့သော အောက်တိုဘာလက ကျင်းပခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးဌာနအဆိုအရ ယခုနှစ်ဖိုရမ်တွင် နိုင်ငံပေါင်း ၃၂ နိုင်ငံမှ စစ်ဘက်ဆိုင်ရာ ဌာနပေါင်း ၂၅၀ ခန့်နှင့် နိုင်ငံတကာအေဂျင်စီလေးခုတို့ ပူးပေါင်းပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ၂၀၃၀ တွင် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှု ၂၆ ရာခိုင်နှုန်း ဂျပန်လျှော့ချမည်

**တိုကျို ဇူလိုင် ၁၇**

ဂျပန်နိုင်ငံသည် လာမည့် ၂၀၃၀ ခုနှစ်တွင် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို ၂၀၁၃ ခုနှစ် ထုတ်လွှတ်မှုထက် ၂၆ ရာခိုင်နှုန်းထိ လျှော့ချမည်ဟု ဇူလိုင် ၁၇ ရက်က ပြောကြားခဲ့သည်။ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ လျှော့ချမည့် အစီအစဉ်ကို နိုဝင်ဘာလတွင် ပဲရစ်၌ ကျင်းပမည့် ရာသီဥတုပြောင်းလဲခြင်း ကမ္ဘာလုံးဆိုင်ရာစည်းဝေးပွဲ၌ ကုလသမဂ္ဂသို့ တင်သွင်းမည်ဖြစ်သည်။

ဖန်လုံအိမ် သဘာဝဓာတ်ငွေ့ လျှော့ချမည့် အစီအစဉ်သည် စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုဝန်ကြီးဌာနက ဇူလိုင် ၁၆ ရက်တွင် အပြီးသတ်ပြုလုပ်သည့် အစိုးရ၏ စွမ်းအင်ထုတ်လုပ်မှုအစီအစဉ် ၂၀၃၀ ကို အခြေခံထားခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ထုတ်လွှတ်မှုကို အခြေခံထားသည့် ဂျပန်နိုင်ငံ၏ ၂၆ ရာခိုင်နှုန်းထိ ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချသည့် အစီအစဉ်သည် ၂၀၂၅ တွင် အမေရိကန်ပြည်ထောင်စုက လျှော့ချမည့် ပမာဏ ၁၈ ရာခိုင်နှုန်းမှ ၂၁ ရာခိုင်နှုန်းထက် ပိုမိုများပြားပြီး ၂၀၃၀ တွင် ဥရောပသမဂ္ဂက လျှော့ချမည့် ပမာဏထက်လည်း ပိုမိုများပြားကြောင်း သိရသည်။

ဂျပန်နိုင်ငံသည် ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ ထုတ်လွှတ်မှု၌ ကမ္ဘာ့အဆင့်ငါးနေရာ၌ ရပ်တည်နေပြီး ၄င်းထုတ်လွှတ်မှုပမာဏသည် ကာဗွန်ဒိုင်အောက်ဆိုက် ၁ ဒသမ ၄၁ ဘီလီယံ မက်ထရစ်တန်နှင့် ညီမျှသည်။

အစိမ်းရောင်လှုပ်ရှားမှုအဖွဲ့များနှင့် အခြားနိုင်ငံများက ဂျပန်နိုင်ငံကို ဖန်လုံအိမ်သဘာဝဓာတ်ငွေ့ လျှော့ချမှုအစီအစဉ်နှင့်သာမက ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကို တည်ဆောက်သည့်အတွက်လည်း ပြစ်တင်မှုများပြုလုပ်လျက်ရှိသည်။

**(ရိုက်တာ)**

# နိုင်ငံခြားသား ၂၅၀၀၀ အတွက် အလုပ်လုပ်ကိုင်ခွင့်ကတ် ကမ္ဘောဒီးယားထုတ်ပေး

**ဖနွမ်းပင် ဇူလိုင် ၁၇**

၂၀၁၅ ခုနှစ် နှစ်ဝက်အတွင်း နိုင်ငံခြားသားများအတွက် အလုပ်လုပ်ကိုင်ခွင့်ကတ် ၂၅၀၀၀ ခန့်ကို ကမ္ဘောဒီးယားအလုပ်သမားဝန်ကြီးဌာနမှ ထုတ်ပေးခဲ့ကြောင်း၊ ယမန်နှစ်ကထက် အရေအတွက် ၅၀၀၀ ပိုကြောင်း ဒေသတွင်းသတင်းစာများက ဖော်ပြသည်။

ယင်းကိစ္စကို အလုပ်သမားဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ ထိုသို့ပူးပေါင်းဆောင်ရွက်ခြင်းကြောင့် အလုပ်အကိုင်ခန့်ထားရမည့် လူအများအပြားရှိကြောင်း ဖနွမ်းပင်ပို့စ်သတင်းစာက ဖော်ပြသည်။

လူဝင်မှုကြီးကြပ်ရေးဌာန အနေဖြင့်လည်း အလုပ်အကိုင်ခန့်ထားရေးနှင့် အခြားအချက်အလက်များ ပြီစွန်းခြင်း ရှိ၊ မရှိကို စိစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်အစပိုင်းမှ ဇွန်လအထိ အချက်အလက်နှင့် မကိုက်ညီသော နိုင်ငံခြားသား ၁၆၀၀ ကို လက်ခံခဲ့ခြင်းမရှိပေ။ ယင်းတို့တွင် ၉၈ ရာခိုင်နှုန်းသည် ဗီယက်နမ်လူမျိုးများဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားသားများနှင့် ရင်းနှီးမြှုပ်နှံသူများသည် အလုပ်လုပ်ကိုင်ခွင့်ကတ်မရှိဘဲ လာရောက်လုပ်ကိုင်ခွင့်မရှိကြောင်း၊ ကတ်ပြားကိုင်ဆောင်သူမဟုတ်လျှင် အမေရိကန်ဒေါ်လာ ၁၂၅ ဒေါ်လာ ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ထောင်ဒဏ်သုံးလအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ **(ဆင်ဟွာ)**




## မလေးရှား လေကြောင်း လေယာဉ်ပစ်ချခံရမှု တစ်နှစ်ပြည့်မြောက်

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းဒေသတွင် လွန်ခဲ့သည့်နှစ်က ပစ်ချခံခဲ့ရသော မလေးရှားလေကြောင်း MH17 တွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဆုတောင်းမှုပြုရန် ပန်းစည်းများ ကိုင်ဆောင်လာသူများကို ကီယက်ဗ်မြို့ရှိ နယ်သာလန်သံရုံးရှေ့၌ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တွေ့ရစဉ်။
(ဓာတ်ပုံ-ရိုက်တာ)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကယားပြည်နယ် လွိုင်ကော် လေဆိပ်သို့ရောက်ရှိရာ ကြိုဆိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း-စာမျက်နှာ-၃)

ဓာတ်ပုံ-ပြန်/ဆက်

# နိုင်ငံ့အတွက်အလွန်အရေးကြီးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပမည်ဖြစ်ရာ မဲပေးကြမည့် ပြည်သူများ၏အခန်းကဏ္ဍ အရေးကြီး

ဖြူး ဇူလိုင် ၁၇

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိမင်္ဂလာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။**

တွေ့ဆုံပွဲသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်စိုး၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းက မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရန် လမ်းကြောင်းပေါ်သို့ တက်လှမ်းခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအစိုးရလက်ထက်တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုရှိလာပါကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ထိုက်သင့်သမျှ လုပ်ဆောင်နိုင်ခဲ့သော်လည်း လူမှုရေး၊ စီးပွားရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတို့တွင် ဆက်လက်တိုးတက်ရန် လိုအပ်နေဆဲဖြစ်ပါကြောင်း။

ဒီမိုကရေစီလမ်းကြောင်းသို့ ပြောင်းလဲလျှောက်လှမ်းရာတွင် ခက်ခက်ခဲခဲကျော်လွှားပြောင်းလဲခဲ့ရခြင်းဖြစ်ပါကြောင်း၊ ရှေ့ဆက်ရမည့်ခရီး၌ အစိုးရ၊ လွှတ်တော်တို့နှင့်သာမကဘဲ ပြည်သူများပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ဆောင်ရာတွင် နိုင်ငံ့ဘဏ္ဍာငွေများကို ယခင်ထက် ပိုမိုကျခံ ဆောင်ရွက်ခဲ့ပါကြောင်း၊ အထူးသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားရရှိရေး၊ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သော်လည်း ပြည့်စုံလုံလောက်မှုမရှိသေးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ် လျှောက်လှမ်းနေပြီဖြစ်၍ ရှေ့သို့တိုးပြီး လျှောက်လှမ်းသွားရန် လိုအပ်ပါကြောင်း။

နိုင်ငံ့အတွက် အလွန်အရေးကြီးသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး၌ကျင်းပမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဝင်ကြမည့် နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရွေးကောက်ပွဲကို တာဝန်ခံဆောင်ရွက်ပေးကြမည့် အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများတွင် တာဝန်ရှိသကဲ့သို့ မဲပေးကြမည့် ပြည်သူများ၏အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း။

ပါတီစုံဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ် အောင်မြင်ရေးအတွက် ရွေးကောက်ပွဲကို ဖြတ်သန်းကြရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်ရန် အားလုံးတွင် တာဝန်ရှိပါကြောင်း၊ ရွေးကော်ပွဲကော်မရှင်က ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာကြရမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်း၊ စည်းကမ်းများအတွင်းက အောင်မြင်စွာ လုပ်ဆောင်မှသာလျှင် ရှေ့ခရီးမှာအောင်မြင်မည်ဖြစ်ကြောင်း၊ လိုအပ်ချက်များရှိပါက တင်ပြကြရန် ဖိတ်ခေါ်ပါကြောင်းနှင့် တင်ပြချက်များအပေါ် လွှတ်တော်အပိုင်းက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတာဝန်ရှိသူများက ဒေသလိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ယင်းနောက် အုတ်တွင်းမြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ဒေသခံပြည်သူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ပညာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့မှတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်သုံးသပ်ဆွေးနွေးပြီး ပြောကြားရာတွင် ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်အပေါ် မူတည်ပြီး လွှတ်တော်များနှင့် အစိုးရအဖွဲ့များ ပေါ်ပေါက်လာကြောင်း။

လွှတ်တော်အတွင်း၌ နိုင်ငံနှင့်နိုင်ငံသားအကျိုးအတွက် ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ကိုးကွယ်သည့်အယူဝါဒစွဲမထားဘဲ အားလုံးပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါတီအချင်းချင်း လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောထားသည့်အတွက် လွှတ်တော်လုပ်ငန်းများ အောင်မြင်ခြင်းဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အထောက်အကူပြုပါကြောင်း၊ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူများ၏ အကျိုးစီးပွားဖော်ဆောင်ရန်ဖြစ်ကြောင်း၊ အများအကျိုးဆောင်ရွက်ရာတွင် ရဲရဲဝံ့ဝံ့ မှန်မှန်ကန်ကန် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ တင်ပြချက်များအချို့ကို ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး အချို့အချက်များကို အချိန်အတိုင်းအတာတစ်ခုအတွင်း၌ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အုတ်တွင်းမြို့ ကန်ကလေးတောရကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ပဓာနနာယက ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို လျှောက်ထားသည်။

(သတင်းစဉ်)

# အာဇာနည်နေ့ကိုဖြင့် မြန်မာတွေအဓိဋ္ဌာန်တစ်မျိုးရယ်နဲ့ ဦးညွှတ်လို့အလေးပြုစေချင်

ခင်မောင်ထွေး



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးရာ အတွင်းဝန်များရုံးအား ယခုတွေ့မြင်နေရသည့်ပုံ။ (ဓာတ်ပုံ-ရဲခေါင်ညွှန့်)

လွတ်လပ်သည့် ဒီမိုကရေစီနိုင်ငံတစ်ခုအဖြစ် ပေါ်ပေါက်လာရေးအတွက် ဒုတိယကမ္ဘာစစ်အပြီး၌ နိုင်ငံခေါင်းဆောင်များ ကြိုးပမ်းအားထုတ်ခဲ့ကြရာနေရာ၊ နှစ်ဆယ်ရာစုအစပိုင်းတွင် ရွေးကောက်ခံအစိုးရအဖွဲ့ စတင်ရုပ်လုံးပေါ်ရာနေရာ၊ ဒီမိုကရက်တစ် မြန်မာ့လူ့ဘောင်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ စတင်ရေးဆွဲရာနေရာ၊ မြန်မာ့ပထမဆုံး တိုင်းပြုပြည်ပြု လွှတ်တော်ကျင်းပခဲ့ရာနေရာ၊ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် နိုင်ငံ့ခေါင်းဆောင်ကြီးများ လုပ်ကြံခံရသည့်နေရာ၊ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် အင်္ဂလိပ်အစိုးရထံမှ လွတ်လပ်ရေးကို ကြေညာရယူပေးခဲ့သည့်နေရာ၊ ဤနေရာကား ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ အတွင်းဝန်များရုံး ဖြစ်ပါသည်။

အတွင်းဝန်များရုံးက ကျွန်တော်တို့ရုံးနှင့် မျက်နှာချင်းဆိုင်ဖြစ်၍ ဆယ်စုနှစ်ကျော်မျှ ရင်းနှီးကျွမ်းဝင်ပြီး မြင်ပါများခဲ့သော်ငြား တစ်နေ့တစ်မျိုး မရိုးနိုင်သေးပါ။ အတွင်းဝန်များရုံးရှေ့ပလက်ဖောင်းဘက်ကသာ တတ်နိုင်သမျှ လမ်းလျှောက်ငေးမောရင်း သမိုင်း၏ အတိတ်သမိုင်း၏ အရိပ်များကို ပြန်ပြောင်းတူးဆွနေမိသည်။ ဤသည်မှာ သမိုင်းကိုစိတ်ဝင်စားသူတိုင်း စားသုံးရသည့် အရသာတစ်မျိုးသာ ဖြစ်ပေသည်။

"နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့် အလှည့်ကျအစိုးရအတွင်းဝန် ဦးအုန်းမောင်ရောက်လာပြီး သုံးလေးမိနစ်ခန့်အကြာတွင် လူသတ်သမားများ ရောက်လာခြင်းဖြစ်သည်။ ရှေ့ဆုံးမှဝင်လာသူသည် အစည်းအဝေးစားပွဲကြီး၏ ဂငယ်ပုံအစမှဝင်၍ အလယ်၌ခြေစုံရပ်ပြီးလျှင် ဗိုလ်ချုပ်အား စ၍ပစ်လေတော့သည်။ ဗိုလ်ချုပ်သည် ထိုင်ရာမှထ၍ လက်ကာပြပြီးလျှင် တစ်ခုခုအော်၍ ပြောသည်။ ကောင်းကောင်းနားမလည်လိုက်ပါ။ လူသတ်သမားများ ပစ်ခတ်နေစဉ် ဗိုလ်ချုပ်သည် သူ၏လက်ယာဘက် နောက်ဆွယ်တွင်ရှိသော ရုံးစားပွဲသို့မရောက်မီ စားပွဲနှစ်ခုအကြား၌ ကျဆုံးခဲ့လေသည်။"

ဆိုခဲ့ပါ ၁၉၆၇ ခုနှစ် ဇူလိုင် ၁၅ ရက်ထုတ် လမ်းစဉ်သတင်းတွင် ထိုစဉ်က လုပ်ကြံမှုမှ လွတ်မြောက်ခဲ့သူ ဝန်ကြီးဦးဗဂျမ်း၏ ကိုယ်တွေ့ရေးသားဖော်ပြမှုကလည်း ဤအတွင်းဝန်ရုံးများတွင် သမိုင်းပုံရိပ်များဖြင့် ယနေ့တိုင်စွန်းထင်းထင်ကျန်ရစ်နေဆဲဖြစ်သည်။

"ကျွန်ုပ်မှတ်မိသော မြင်ကွင်းကိုဖော်ပြရလျှင် ပေ ၄၀ ပတ်လည်ခန့်မျှရှိသော ခန်းမတစ်ခုလုံး ဆီးနှင်းများကျသကဲ့သို့ ယမ်းငွေ့များ တထောင်းထောင်းဖြင့် ဖုံးလွှမ်းနေပြီး ကျည်ဆန်များကလည်း ကြမ်းပြင်ပေါ်တွင် ပြန့်ကျဲ၍နေပေသည်။

ဗိုလ်အောင်ကျော်လမ်း(ထိုစဉ်က စပတ်လမ်း)ဘက်သို့ မျက်နှာပြုထားသော ဂငယ်သဏ္ဍာန်စားပွဲထပ်နှင့် ခပ်လှမ်းလှမ်းကြမ်းပြင်ပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းမှာ တုံးလုံးလဲလျက် ငြိမ်သက်နေသည်။ စားပွဲလက်ယာဘက်တွင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းက သူ၏ကုလားထိုင်ပေါ်တွင်ပင်ထိုင်လျက် စားပွဲပေါ်သို့ကုန်း၍ လက်ထောက်ထားပြီး ပါးစပ်ကိုဟထားရာ ပါးစပ်မှ သွေးများစီးကျနေသည်။ စားပွဲလက်ဝဲဘက်တွင် ထိုင်နေကြသော ဝန်ကြီး သခင်မြသည် စားပွဲထိပ် လက်ဝဲဘက်ထောင့်စားပွဲအောက်နား၌ မှောက်လျက်လဲနေရာ သေဆုံးနေပြီဟု ယူဆရသည်။ ဝန်ကြီး မစ္စတာ ရာဇတ်၊ ဝန်ကြီး ဒီးဒုတ်ဦးဘချို၊ ဝန်ကြီး ဦးဘဝင်းနှင့် ဝန်ကြီး မန်းဘခိုင်တို့သည် သူတို့ထိုင်မြဲ ကုလားထိုင်များတွင် ခေါင်းငိုက်စိုက်ကျလျက် ငြိမ်သက်နေကြသည်။ မစ္စတာ ရာဇတ်နှင့် ဒီးဒုတ်ဦးဘချိုတို့ နှစ်ဦးတည်းသာ မသေဆုံးကြသေးဘဲ အနည်းငယ်စီ အသက်ရှူရှိုက်လှုပ်ရှားနေကြသည်။"

တင်ပြပါ ၁၉၆၉ ခုနှစ်ထုတ် လမ်းစဉ်သတင်းတွင် ထိုစဉ်က ဗိုလ်ချုပ်အောင်ဆန်း၏ အစိုးရအဖွဲ့တွင် ပါဝင်ခဲ့ပြီး လုပ်ကြံမှုကြီးတွင် ကံသီ၍လွတ်မြောက်ခဲ့သူ ရခိုင်အမျိုးသားခေါင်းဆောင် ဦးအောင်ဇံဝေက ၎င်း၏ကိုယ်တွေ့အဖြစ်အပျက်ကို ဖော်ပြခဲ့မှုကလည်း ဤရက်ပိုင်းအတွင်းဝန်များရုံးကိုမြင်လေတိုင်း ပြန်လည်လွမ်းဆွတ်တသ သတိရစရာပင်။

တစ်ဆက်တည်းမှာပင် လုပ်ကြံမှုကြီးဖြစ်ပွားခဲ့ပြီး ညနေ ၃ နာရီခန့်မှာပင် ဦးစောနှင့် အပေါင်းအပါများ အဖမ်းခံခဲ့ရပြီး ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် လုပ်ကြံမှုတရားခံ ခေါင်းဆောင်ဦးစောနှင့် မောင်စိုး၊ သက်နှင်း၊ မောင်စိန်၊ ရန်ကြီးအောင်၊ သုခ၊ မောင်နီ၊ ခင်မောင်ရင်နှင့် မှုံကြီးတို့ကို အထူးခုံရုံးက သေဒဏ်အမိန့်ချမှတ်ခဲ့မှုများ၊ ၁၉၄၈ ခုနှစ် မေ ၈ ရက် အရုဏ်တက်၌ ဦးစော၊ မောင်စိုး၊ သက်နှင်းနှင့် မှုံကြီးတို့ကို အင်းစိန်ထောင်၌ လည်းကောင်း၊ စိန်ကြီးနှင့် ရန်ကြီးအောင်တို့ကို ရန်ကုန်ထောင်ကြီး၌ လည်းကောင်း ကြိုးပေးခဲ့မှုများ၊ ဘည္ဍန့်မှာဖော်ကောင်ဖြစ်၍ လွတ်သွားပြီး ခင်မောင်ရင်၊ မောင်နီနှင့် သုခတို့မှာ သမ္မတကြီး၏ အမိန့်ဖြင့် တစ်သက်တစ်ကျွန်းပြစ်ဒဏ်များကို ခံယူသွားခဲ့မှုများကို ပြန်ပြောင်းတွေးမိကာ ယဉ်ကျေးသော လူ့ဘောင်အသိုက်အဝန်းအတွင်း အကြမ်းဖက်မှုသည် မှန်ကန်သော လမ်းစဉ်မဟုတ်ကြောင်းကို သမိုင်းသင်ခန်းစာတစ်ရပ်အဖြစ် ပြန်လည်ထုတ်ယူမိပါသည်။

ထို့အပြင် ၁၉၄၈ ခုနှစ် မေလ ၈ရက်နေ့ထုတ် အိုးဝေသတင်းစာ၏ "ဤမိုးဤမြေ"အခန်းတွင် မောင်သုမနက "ဗမာ့ဝဋ်ကြွေး"ခေါင်းစဉ်ဖြင့် "မေလ ၈ ရက်နေ့မှာ ဦးစောကို ကြိုးပေးတော့မယ်။ ဒီသတင်းမျိုးကြားရတာ စိတ်ညစ်တယ်ဗျာ။

ကျဆုံးခဲ့တဲ့ခေါင်းဆောင်များကို သတိရမိတဲ့အခါလည်း ဦးစောဟာ အခုလိုဖြစ်ရမယ်ဆိုတာ မျှော်လင့်ခဲ့ပြီးဟုပဲ လောကကြီးမှာ တရားအတိုင်းဖြစ်ကြရမှာကိုး။

ဒီအမှုကြီးကို အစအဆုံးတရားအတိုင်းစီရင်ပြီးရင် အမိမြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလိုပူဆွေးဒုက္ခမျိုး ဘယ်တော့မှမရောက်ပါစေနဲ့လို့ လှိုက်လှဲစွာဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုးကို နောင်မှာမဖြစ်ကြရအောင် နိုင်ငံရေးခေါင်းဆောင်လုပ်သူများ အထူးသတိပြုကြပါခင်ဗျား။

တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးစောပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့ဗမာပြည်၌ ညီရင်းအစ်ကိုများအဖြစ် ပြန်လည်မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ဆုတောင်းပါတယ်။ လွတ်လပ်သောမြန်မာပြည်ကြီး တည်တံ့ပါစေသော်" ဟူ၍ ရေးသားခဲ့မှုများကိုလည်း ပြန်ပြောင်းသတိရမှုနှင့်အတူ ခေတ်တိုင်းခေတ်တိုင်း အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၏ အရေးပါမှုကို သတိပြုမိပါသည်။

တစ်ဆက်တည်းမှာပင် ဦးစောသည် ထိုစဉ်ကမတူသည်များကို ခေတ္တဖယ်ထားပြီး တူညီသည်များကိုသာ အတူတကွ ပူးပေါင်းဆောင်ရွက်ရသည့် ဒီမိုကရေစီယဉ်ကျေးမှုနှင့်အညီ အတိုက်အခံပါတီအဖြစ် ရပ်တည်ကာ ၎င်း၏လိုလားချက်များအား ဗိုလ်ချုပ်ဦးဆောင်သော အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ခဲ့ပါမူ မြန်မာ့သမိုင်းသည် ဤကဲ့သို့ ရာဇဝင်ရိုင်းခဲ့မည်မဟုတ်ဟုလည်း ဆင်ခြင်မိပါ၏။

ပစ္စုပ္ပန်တွင်လည်း မြန်မာနိုင်ငံသည် အာဇာနည်နေ့အခမ်းအနားများကို ကျင်းပနေရုံသက်သက်ဖြင့် သမိုင်း၏ သမိုင်းပေးတာဝန်ကျေပွန်ပြီဟု မဆိုနိုင်သေးချေ။ ဒီမိုကရေစီနုနယ်စကာလတွင် နိုင်ငံရေးအကျပ်အတည်းတစ်စုံတစ်ရာကြုံတွေ့ခဲ့ပါက လက်ရှိခေတ်ပြိုင်မျိုးဆက်လူငယ်များ၊ နိုင်ငံရေးသမားများနှင့် နိုင်ငံသားအားလုံးသည် အကြမ်းဖက်လမ်းစဉ်အစား ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးအဖြေရှာရေးဟူသည့် ဒီမိုကရေစီလမ်းစဉ်ကိုသာ အလေးထားရွေးချယ်ခြင်းဖြင့် အနာဂတ်မျိုးဆက်များအား စံနမူနာလမ်းပြပေးနိုင်ပါလျှင် အဟောဝတကောင်းလေစွဟု စဉ်းစားမိပြန်ပါသည်။

ဤသမိုင်းသင်ခန်းစာကလည်း သီအိုရီအသစ်အဆန်းတစ်ရပ်တော့မဟုတ်ချေ။ ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုသစ္စာတော်ခံလူထုအစည်းအဝေးတွင် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုပြောကြားခဲ့သည်။

"ဗမာနိုင်ငံသူ နိုင်ငံသားတွေဟာ နှစ်ပေါင်း ၂၀၀၀ လောက်ကြာမြင့်ခဲ့တဲ့ ဗမာ့ရာဇဝင် တစ်လျှောက်လုံးမှာ နိုင်ငံရေးအာဏာကို ဒီမိုကရေစီနည်းနဲ့ ရအောင်မယူကြဘဲ တစ်ယောက်လည်ပင်း တစ်ယောက်ဖြတ်ပြီး အမွေစနစ်နဲ့ယူခဲ့တဲ့အတွက် ပြည်တစ်မင်း၊ တောင်ငူတစ်မင်း၊ မုတ္တမတစ်မင်းစသည်ဖြင့် အစိတ်စိတ်အမြွာမြွာကွဲပြီး နောက်ဆုံးကျွန်ဘဝမှာ ဇာတ်သိမ်းခဲ့ရတယ်။ အဲဒါကို နောင်တမရကြသေးဘဲ တစ်ယောက်လည်ပင်း တစ်ယောက်ဖြတ်ပြီး အာဏာယူတဲ့ အမွေစနစ်နဲ့ ပြည်ထောင်စုသားတွေဟာ အာဏာကိုလုနေကြမယ်ဆိုရင် အရင်တုန်းကလိုပဲ ပြည်ထောင်စုကြီးဟာ အစိတ်စိတ်အမြွာမြွာကွဲပြီး ဒီအမွေသားတွေပါ အပါအဝင်ဖြစ်တဲ့ ပြည်ထောင်စုသားအားလုံးဟာ ကျွန်ဘဝမှာ ဇာတ်သိမ်းကြရလိမ့်မယ်လို့ တစ်နှစ်ကျော်လောက်ကတည်းကစပြီး မကြာခဏ ကျွန်တော်လူသိနတ်ကြား သတိပေးခဲ့တယ်"ဟူသည့် မိန့်ခွန်းကို ပြန်ပြောင်းကြည့်လျှင် သိရှိနိုင်စေသည်။

စာမျက်နှာ ၇ သို့



ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးရာ အတွင်းဝန်များရုံးရှိ အစည်းအဝေးခန်းမကို ယခုကဲ့သို့ တွေ့ရစဉ်။ (ဓာတ်ပုံ-ရဲခေါင်ညွှန့်)

"လာမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖျက်လိုဖျက်ဆီး လုပ်ကြမယ်ဆိုတဲ့ လူတွေပေါ်လာရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရဲ့ ရန်သူနံပါတ်(၁)တွေပဲ" ဟူသည့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဗိုလ်ချုပ်၏ဆန္ဒ၊

"တိုင်းသူပြည်သား လူအများဟာ ဥမကွဲသိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိကြဖို့ လိုတယ်"ဟူသည့် မြန်မာပြည်သူများ စည်းကမ်းတကျနှင့် တာဝန်သိမှုကိုလိုလားသည့် ဗိုလ်ချုပ်၏စေတနာတို့ကို နိုင်ငံသားတိုင်း အစဉ်ထာဝရလိုက်နာ ကြိုးပမ်းဆောင်ရွက်

# ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေး စီမံချက်များချမှတ်ဆောင်ရွက်ပေးမည်



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း အမ်းမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

နေပြည်တော် ဇူလိုင် ၁၇

**ရခိုင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးရန် သံတွဲမြို့၌ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမ်းမြို့သို့ရောက်ရှိကြပြီး ရွှေအမ်းတောင်ခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံ၍ လတ်တလောလိုအပ်သည့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတက ရခိုင်ပြည်နယ်ရှိ အမ်းမြို့နယ်အပါအဝင် မြို့နယ် ၁၄ မြို့နယ်သည် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးဒဏ်ခံခဲ့ရပြီး လူ၊ တိရစ္ဆာန်၊ နေအိမ်၊ စာသင်ကျောင်း၊ လမ်းနှင့်တံတားများ ပျက်စီးဆုံးရှုံးခဲ့သည့်အတွက် အရေးပေါ်ကူညီထောက်ပံ့နိုင်ရန် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေမှ ကျခံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အမ်းမြို့နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သည့် လမ်း၊ တံတား၊ စာသင်ကျောင်း စသည့် ဆုံးရှုံး နစ်နာမှုများကို အချိန်တိုအတွင်း ပြန်လည် တည်ဆောက်နိုင်ရန် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်း၍ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ရေတို၊ ရေရှည် စီမံချက်များချမှတ်၍ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်း ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံချက်များ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ၊ ရေဘေးကြောင့် လတ်တလောဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများနှင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်မှုအတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရန်နှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်း ရေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများက အမ်းမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၅ ရွာအတွက် လတ်တလောလိုအပ်သည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် အမ်းမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းက အမ်းမြို့နယ်အတွင်း ယခုကဲ့သို့ ရေကြီးရေလျှံမှုမျိုး ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် လတ်တလော ရေဘေးကြောင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နေပါကြောင်း၊ ချောင်းများ၊ မြောင်းများ တူးဖော်ခြင်းနှင့် လမ်းတံတားများ တည်ဆောက်ပေးရန် စသည့်ကိစ္စရပ်များကို ရေရှည်စီမံချက်များ ချမှတ်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်၍ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေပေါ်မူတည်ပြီး စီမံကိန်းလျာထားချက်တွင်ပါဝင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့်လည်း ချောင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းဖယ်ရှားရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အမ်းမြို့နယ် ပြည်သူများ၏ တင်ပြချက်များကိုလည်း တတ်နိုင်သမျှ ညှိနှိုင်းကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အမ်းမြို့နယ်ရှိ လုံးကျေးရွာသို့ ရောက်ရှိကြပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ဒေသခံများ၏ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လတ်တလော လိုအပ်သည့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်၍ ရေဘေးသင့် လုံးကျေးရွာအတွက် ဆန်၊ ဆီ၊ ပဲ၊ အဝတ်အထည်၊ ခြင်ထောင်၊ စောင် စသည့် ထောက်ပံ့ပစ္စည်းများနှင့် ဆိုလာမီးအိမ်များကို ရေဘေးသင့်ပြည်သူများထံ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အမ်းမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ရောက်ရှိကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Centre ၌ ကျင်းပသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေသည့် လူနာများအား နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။

အစည်းအဝေးတွင် ဒုတိယသမ္မတက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့မွမ်းမံပြင်ဆင်ခဲ့သည်မှာ တစ်နှစ်ကျော်ကာလ ကြာမြင့်ခဲ့ပြီး ပြုပြင်မှုများလည်း အတော်အတန် ခရီးရောက်နေပြီ ဖြစ်ပါကြောင်း၊ အဆိုပါ ပြုပြင်မွမ်းမံမှုများနှင့်ပတ်သက်၍ ပြည်သူများ၏ သဘောထားကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်း လုပ်ငန်းများ တိုးတက်မှုရှိလာပြီဖြစ်သော်လည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းလိုအပ်ချက်များကို ဆပ်ကော်မတီအသီးသီးက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် သက်ဆိုင်ရာ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ရန်ကုန်ဆေးရုံကြီး၏ တိုးချဲ့မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လျှပ်စစ်မီးကဏ္ဍ စီစဉ်ဆောင်ရွက်ထားရှိမှု၊ တိုးချဲ့ငါးထပ်ဆောင်သစ်သို့ လူနာများ ရွှေ့ပြောင်းထားရှိမှု၊ ခွဲစိတ်ခန်းသုံးပစ္စည်းနှင့် စက်ကိရိယာများ ဖြည့်ဆည်းပေးနိုင်မှု၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပင်မဆောင်အကြီးစား ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆေးရုံကြီးဘက်စုံပြုပြင်မွမ်းမံမှုအတွက် ဘဏ္ဍာရန်ပုံငွေ ရရှိမှုနှင့် သုံးစွဲမှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်ကလည်း ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအား သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် တိုးချဲ့တပ်ဆင်ထားသည့် စက်ပစ္စည်းများအတွက် လျှပ်စစ်ဓာတ်အား အလုံအလောက်ရရှိရန် ဆပ်ကော်မတီများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ပင်မအဆောက်အအုံနှင့် တိုးချဲ့ငါးထပ်ဆောင်သို့ လူနာများ ပြောင်းရွှေ့နေရာချထားမှု၊ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တက်ရောက်ကုသမှုခံယူနေကြသည့်လူနာများနှင့် လူနာစောင့်များ၊ ဆရာ ဆရာမများအား နှုတ်ဆက်အားပေးစကား ပြောကြားသည်။

(သတင်းစဉ်)

---

*စာမျက်နှာ ၆ မှ*

သို့ဆိုရလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အစဉ်အောက်မေ့တမ်းတသတိရသောအားဖြင့် "မြန်မာပြည်လူထုညီညွတ်ဖို့လိုအပ်တယ်။ ဘယ်သူတွေညီညွတ်ရမလဲဆိုရင် တက်ခေတ်မြန်မာပြည်မှာ တက်အုံ့ဆဲဆဲလူငယ်နိုင်ငံရေးသမားတွေ ညီညွတ်မယ်ဆိုရင် မြန်မာပြည်ညီညွတ်မှာပဲ"ဟူသည့် **ဗိုလ်ချုပ်၏ ညီညွတ်ရေးလမ်းစဉ်၊**

"ဒီမိုကရေစီဝါဒ လွတ်လပ်ရေးနဲ့ဆီလျော်တယ်။ ဒီဝါဒဟာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်" ဟူသည့် **ဗိုလ်ချုပ်၏ ဒီမိုကရေစီလမ်းစဉ်၊**

"ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းကတခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်မှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်"ဟူသည့် ရာဇဝင်တွင်သည့် ပင်လုံညီလာခံနှင့် ပင်လုံစာချုပ်ကို အခြေပြုသည့် **ဗိုလ်ချုပ်၏ ပြည်ထောင်စုစိတ်ဓာတ်၊**

"လာမယ့် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖျက်လိုဖျက်ဆီးလုပ်ကြမယ်ဆိုတဲ့လူတွေ ပေါ်လာရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရဲ့ ရန်သူနံပါတ်(၁)တွေပဲ"ဟူသည့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် **ဗိုလ်ချုပ်၏ဆန္ဒ၊**

"မြန်မာပြည်ကြီး လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ သည်ဟာပါပဲ" ဟူသည့် **ဗိုလ်ချုပ်၏ မျှော်မှန်းချက်၊**

"တိုင်းသူပြည်သား လူအများဟာ ဥမကွဲ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိကြဖို့လိုတယ်" ဟူသည့် မြန်မာပြည်သူများ စည်းကမ်းတကျနှင့် တာဝန်သိမှုကိုလိုလားသည့် **ဗိုလ်ချုပ်၏စေတနာ**တို့ကို နိုင်ငံသားတိုင်း အစဉ်ထာဝရလိုက်နာ ကြိုးပမ်းဆောင်ရွက်ကြရင်း ၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ကိုဖြင့် မြန်မာတွေ အဓိဋ္ဌာန်တစ်မျိုးရယ်နဲ့ ဦးညွှတ်လို့ အလေးပြုစေချင်မိကြောင်းပါ။ ။

---

## တိုင်းဒေသကြီး/ပြည်နယ်အချို့ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၇**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကယားပြည်နယ်တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

❀ ကျောဖုံးမှ

တိုင်းပြည်အနေနဲ့ ကြည့်မယ်ဆိုရင်လည်း နစ်နာတယ်။ အဲလိုတော့ ခံစားမိတယ်။

**မေး ။ နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ အာဇာနည်နေ့အခမ်းအနားကျင်းပတာနဲ့ ပတ်သက်ပြီး အာဇာနည်မိသားစုဝင်တစ်ဦးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ဟိုးအရင် အဘွားရှိတုန်းက ကျွန်မတို့ငယ်ငယ်လေးက ကြားဖူးခဲ့တာ အာဇာနည်နေ့ဆိုရင် နိုင်ငံတော်သမ္မတအဆင့် တက်ရောက်ခဲ့တာ။ နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်ကိုယ်တိုင်တက်ရောက်ခဲ့တယ်လို့ပြောပါတယ်။ ကျွန်မတို့တော့ မမီလိုက်ဘူး။ အခုအစိုးရလက်ထက်မှာ ဒုတိယသမ္မတတို့၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ တက်ရောက်ဂါရဝပြုတာကိုလည်း တွေ့ရတယ်။ ကျွန်မတို့အဘိုးနဲ့ပတ်သက်ပြီး အာဇာနည်နေ့ရောက်တိုင်း အိမ်မှာ ဆွမ်းကပ်တယ်။ ဒီလိုလုပ်တယ်ဆိုတာလည်း အဘိုးအဘွားတွေကို ကျေးဇူးဆပ်ဂုဏ်ပြုသလို အစိုးရအနေနဲ့လည်း သူတို့တာဝန်ကို သူတို့လုပ်တယ်လို့မြင်ပါတယ်။

**မေး ။ အာဇာနည်ခေါင်းဆောင်တစ်ဦးရဲ့ မြေးဖြစ်ရတဲ့အတွက် ရင်ထဲမှာ ဘယ်လိုခံစားရပါသလဲ။ အန်တီ့အနေနဲ့ နိုင်ငံ့တာဝန်တွေကို ဘယ်လိုကဏ္ဍတွေမှာ တာဝန်ထမ်းဆောင်ခဲ့တယ်ဆိုတာလည်း ပြောပြပေးပါ။**

ဖြေ ။ အဲဒီအတွက်တော့ ဂုဏ်ယူတာပေါ့။ ကျွန်မအဘိုးက လူတိုင်းနဲ့တူတဲ့သူမှ မဟုတ်တာ။ အရင်တုန်းက ကျွန်မကဆရာဝန်ပါ။ ဆေးရုံကြီးမှာ အလုပ်လုပ်ခဲ့ပါတယ်။ လုပ်သက် ၁၃ နှစ်မှာ အလုပ်ထွက်ခဲ့တာပါ။

**အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်သူ မန်းဘခိုင်သည် ကရင်-ဗမာ ချစ်ကြည်ရေးကို အထူးကြိုးပမ်းတည်ဆောက်ခဲ့သူဖြစ်သည်။ ဖဆပလအဖွဲ့ကြီး ဖြစ်မြောက်ရေးတွင် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ကရင်လူငယ်များ အစည်းအရုံးဥက္ကဋ္ဌအဖြစ် တင်မြှောက်ခံရသူဖြစ်သည်။ ၁၉၄၆ ခုနှစ် စက်တင်ဘာလတွင် စက်မှု လက်မှုနှင့် အလုပ်သမားဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ မန်းဘခိုင်၏ မိသားစုဝင်များနှင့် တွေ့ဆုံခဲ့ရာတွင် ……။**



နန့်ခင်ဌေးရီခိုင်၊ အလယ်တန်းပြ (ငြိမ်း)

**နန့်ခင်ဌေးရီခိုင်၊ အလယ်တန်းပြ (ငြိမ်း)**
**(အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီး)**

**မေး ။ အာဇာနည်နေ့နီးလာပြီဆိုရင် အာဇာနည်နေ့နဲ့ ပတ်သက်ပြီး ရင်ထဲမှာ ဘယ်လိုခံစားရပါသလဲ။**

ဖြေ ။ အာဇာနည်နေ့ရောက်တော့မယ်ဆိုရင် အမိုးက ပါပါဆုံးတဲ့အချိန်မှာ ခုနစ်နှစ်သမီးလေးပဲရှိသေးတယ်။ သိတတ်တယ်ဆိုရုံလောက်အရွယ်ပဲရှိသေးတယ်။ အခုလို အာဇာနည်နေ့ရောက်လာပြီဆိုရင် ကိုယ့်ရဲ့ပါပါကို ပြန်ပြီးမြင်ယောင်လာတယ်။ ပြန်လည်တွေ့ချင်နေသလိုပဲ။ အခုလိုအခမ်းအနားနဲ့ လုပ်ပေးတဲ့အခါကြတော့ ရင်ထဲမှာ ကျေးဇူးလည်းတင်တယ်၊ ဝမ်းလည်းသာတယ်။ အာဇာနည်နေ့ရောက်ပြီဆိုရင် ပါပါအတွက် ဟိုးနဂိုကတည်းက ယုန်တလင်းရွာမှာ နှစ်တိုင်းပဲ ဘုရားရှိခိုးပေးတယ်၊ ဆုတောင်းပေးတယ်။ အမိုးတို့က ခရစ်ယာန်ဆိုတော့ ဘုရားရှိခိုးပေးတယ်ပေါ့။

**မေး ။ အခုအစိုးရလက်ထက်မှာ အာဇာနည်နေ့အခမ်းအနားကျင်းပတာနဲ့ ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ အာဇာနည်နေ့ အခမ်းအနားကို နိုင်ငံတော်က သိုက်သိုက်ဝန်းဝန်း ကျင်းပပေးတဲ့အတွက် အများကြီး ဝမ်းသာတာပေါ့။ ဘာလို့လဲဆိုတော့ ပါပါတို့ဆုံးသွား ပြီးတဲ့နောက်ပိုင်းမှာ တော်တော်လေး တိမ်မြုပ်သွားတယ်။ အမိုးတို့ ပန်းခွေချခွင့်ရတဲ့ အချိန်ကလည်း ဖြစ်သလိုလေးပဲလုပ်သွားတယ်။ အခု လက်ထက်မှာ အာဇာနည်နေ့ အခမ်းအနားကို ပြည့်ပြည့်စုံစုံလေးနဲ့ ပြန်လည်ကျင်းပပေးတဲ့အတွက် ဝမ်းသာစရာဖြစ်မိတယ်။

**မေး ။ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ဆောင်ရွက်နေတဲ့အပေါ် အာဇာနည်ခေါင်းဆောင်ကြီးတစ်ယောက်ရဲ့ သမီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ အမိုးတို့ကတော့ ဘာပဲဖြစ်ဖြစ် အကုန်လုံး ငြိမ်းချမ်းသာယာစေချင်တယ်။ အမိုးတို့ ပါပါရှိကတည်းကကိုက ပါပါက နိုင်ငံကိုချစ်သလို လူမျိုးကိုလည်း အလွန်ချစ်တယ်။ တိုင်းရင်းသားတွေ အကုန်လုံးကိုလည်း ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးနဲ့ ဖြစ်စေချင်ခဲ့တာ။ အမိုးတို့ ကရင်စကားပုံမှာ **ညီညွတ်မှုရှိရင် ပင်လယ်ထဲမှာရှိတဲ့ရေကို အကုန်ခပ်ထုတ်နိုင်တယ်** ဆိုတဲ့ စကားပုံရှိတယ်။ ညီညီညွတ်ညွတ်နဲ့ တိုင်းပြည်အတွက်၊ အခုလို ငြိမ်းချမ်းရေး အတွက် ဆောင်ရွက်နေတယ်ဆိုတော့ ဝမ်းသာစရာပေါ့။ ကွဲပြားနေတာကိုတော့ အမိုးတို့လည်း သဘောမကျပါဘူး။ ပြန်ပြီးတော့ စည်းစည်းလုံးလုံးနဲ့ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးအတွက် ပြန်လုပ်တဲ့အခါ အလွန်ဝမ်းသာတယ်။ ဒါတွေကိုလည်း အားလုံးပြေပြေလည်လည်နဲ့ ဖြစ်မြောက်ပါစေလို့ ဆုတောင်း ပေးတယ်။

**မေး ။ ကရင်ပြည်နယ်ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အာဇာနည်ခေါင်းဆောင်ကြီး ကရင်တိုင်းရင်းသားတစ်ယောက်ဖြစ်တဲ့ မန်းဘခိုင်ရဲ့သမီးတစ်ယောက်အနေနဲ့ ကရင်လူထုကို ဘာများပြောချင်ပါသလဲ။**

ဖြေ ။ ကရင်ပြည်နယ် ကရင်လူမျိုးတွေနဲ့ မြန်မာတိုင်းရင်းသားတွေ တစ်ယောက်နဲ့ တစ်ယောက် စည်းစည်းလုံးလုံးချစ်ချစ်ခင်ခင်ဖြစ်စေချင်တယ်။ ဖြစ်ဖို့အတွက်လည်း အမိုးတို့ ဘုရားသခင်ဆီဆုတောင်းပေးတယ်။ ဆုတောင်းတဲ့ အချိန်မှာလည်း ဒီတိုင်းပြည်မှာရှိတဲ့ ကရင်တွေ၊ ဗမာတွေ၊ အခြားတိုင်းရင်းသားတွေ ဘာသာမတူပေမယ့် အားလုံးစည်းစည်းလုံးလုံးနဲ့ဖြစ်ဖို့ ဆုတောင်းနေပါတယ်။ ကရင်လူထုတွေကလည်း ဘာပဲဖြစ်ဖြစ် ပါပါတို့ချမှတ်သွားတဲ့မူတွေကို တစ်ယောက်နဲ့တစ်ယောက် စည်းစည်းလုံးလုံးနဲ့ ခွင့်လွှတ်သည်းခံပြီး တစ်ယောက်ကို တစ်ယောက် နားလည်မှုရှိပြီးတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူတကွ လက်တွဲပြီးတော့သွားစေချင်တယ်။



မန်းဘခိုင်

**မေး ။ လက်ရှိနိုင်ငံတော်အစိုးရရဲ့ ဒီမိုကရေစီလမ်းကြောင်း ဖော်ဆောင်နေတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ အလွန်ဝမ်းသာတယ်။ အခုဆိုရင် အကုန်လုံး လမ်းပန်းဆက်သွယ်ရေးတွေကောင်းပြီး လျှပ်စစ်မီးတွေရလာတယ်။ အားလုံးပြည့်ပြည့်စုံစုံမဟုတ်ပေမယ့် လိုအပ်တဲ့နေရာတွေမှာ ဖြည့်ဆည်းပေးနေသလို ကျန်တဲ့နေရာတွေကိုလည်း ဖြည့်ဆည်းပေးမှာပါ။ ဖြည့်ဆည်းပေးရမယ့်နေရာတွေကိုလည်း ပြည့်ပြည့်ဝဝနဲ့ ဖြည့်ဆည်းပေးတယ်လို့ မြင်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့၊ ပါပါတို့ချသွားတဲ့ လမ်းစဉ်ကို အားလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲပြီး အကောင်အထည်ဖော်ကြပါလို့ ပြောချင်တယ်။

**ဒေါ်မြင့်မြင့်ခိုင်၊ ပါမောက္ခဌာနမှူး-ငြိမ်း၊**
**ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်**
**(အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏သမီး)**

**မေး ။ အာဇာနည်နေ့ရောက်လာပြီဆိုရင် တစ်တိုင်းပြည်လုံးက ပြည်သူတွေကလည်း လွမ်းဆွတ်သတိရကြတယ်။ မိသားစုတွေအနေနဲ့ကော ဘယ်လိုခံစားမှုတွေ ဖြစ်ပေါ်လာတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ အထူးသဖြင့် အာဇာနည်ဗိမာန်သွားရင် အခုဘာမှ အမှတ်တရမရှိတော့ဘူး။ ဟိုတုန်းက အုတ်ဂူတွေမှာဆိုရင် ဝန်ကြီးဌာနနဲ့တကွ နာမည်တွေ၊ ဘယ်နှစ်တွေမှာမွေးဖွားတယ်၊ ဘယ်ဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်တယ်၊ ပြီးတော့ အဲဒီဂူရဲ့အပေါ်မှာ ဓာတ်ပုံတွေ အသီးသီးရှိတယ်။

အခု အကုန်လုံး ဘာမှ မရှိတော့တဲ့အခါ နောက်လူတွေ သိဖို့ရာ အတော့်ကို ခက်သွားတယ်။ ဒါကြောင့် အနည်းဆုံးတော့ ဓာတ်ပုံ၊ ဥပမာဆိုပါစို့ ကြေးရုပ်နဲ့ပဲဖြစ်ဖြစ်၊ အနုပညာရှင်တွေတောင်မှ ကြေးရုပ်နဲ့ထုပြီး လုပ်နေတော့ ဒီခေါင်းဆောင်ကြီးတွေရဲ့ပုံတွေကို မလုပ်နိုင်စရာ အကြောင်းမရှိဘူးလို့ ထင်တယ်။

အနည်းဆုံးနာမည်နဲ့ သူတို့ဘယ်လိုတာဝန်ထမ်းဆောင်ခဲ့သလဲဆိုတာ အရင်တုန်းက အုတ်ဂူတွေမှာရှိတဲ့ ကျောက်ပြားမှာရေးထားတာ။ အခု အဲဒီလောက်တော့ ဖြစ်စေချင်တာပေါ့။ အဲဒီလိုမဟုတ်တဲ့အခါ သွားတိုင်းသွားတိုင်း စိတ်မကောင်းဖြစ်ရတယ်။

နောက်တစ်ခုက လွှတ်လပ်ရေးနေ့ရောက်တိုင်းမှာ ဂုဏ်ပြုညစာစားပွဲလုပ်ပြီးတော့ လွှတ်လပ်ရေးအတွက် တာဝန်ထမ်းဆောင်ခဲ့တဲ့ လူတွေရဲ့မိသားစုတွေနဲ့ ဂုဏ်ပြုတဲ့ ညစာထမင်းစားပွဲရှိတယ်။ အဲဒါ ဟိုတုန်းက အမြဲဖိတ်ခဲ့တယ်။ ဖိတ်တာ ဒီလွှတ်လပ်ရေးနေ့မှ မဟုတ်ဘူး။ ဟိုတုန်းက တပ်မတော်နေ့တို့၊ ဘာတို့ ဘာအခမ်း အနားရှိရှိ၊ ဝန်ကြီးတွေ Level သတ်မှတ်ပြီး ဘာပွဲလမ်းရှိရှိ၊ ဒီအာဇာနည်မိသားစုဝင်တွေကို အမြဲတမ်းရှေ့တန်းက ဖိတ်ခဲ့တယ်။ အခုအသိအမှတ်မပြုတော့ဘဲ လွှတ်လပ်ရေးနေ့ညစာစားပွဲကျင်းပနေတာ မိသားစုအနေနဲ့ ပိုပြီးတော့ စိတ်မကောင်းဖြစ်ရတယ်။ အဓိကက အဲဒီအချက် နှစ်ချက်ပဲပြောချင်တာ။ တခြားဟာတွေ ဘာမှမရှိပါဘူး။

**မေး ။ လက်ရှိ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ငြိမ်းချမ်းရေးဆွေးနွေးနေမှုအပေါ် ဆရာမကြီးအနေနဲ့ ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ ဟိုတုန်းကဆို တိုင်းရင်းသားတွေအကုန်လုံး စည်းစည်းလုံးလုံးနဲ့ဝိုင်းပြီး လွှတ်လပ်ရေးအတွက်လုပ်ခဲ့ကြတာ။ အခုလည်း အဲဒီလိုအခြေအနေမျိုးဖြစ်စေချင်တယ်။ ဗိုလ်ချုပ်တို့၊ အဖေတို့ကြိုးစားခဲ့တာ၊ အသက်ပါပေးပြီး ကြိုးစားခဲ့တာတွေ အခုမှ ဒီလိုဖြစ်နေတယ်ဆိုတော့ နှမြောဖို့ကောင်းတာပေါ့။ အာဇာနည်ခေါင်းဆောင်ကြီးတွေ အသက်စွန့်သွားတာ မတန်ဘူး ဖြစ်သွားတာပေါ့။ တစ်နိုင်ငံလုံး စည်းစည်းလုံးလုံးနဲ့ လွှတ်လပ်ရေးရဲ့ အရသာခံစားပြီး ပျော်ရွှင်တဲ့နိုင်ငံကြီး ဖြစ်စေချင်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ထဲမှာလည်း ဒီလိုဆန္ဒတွေရှိနေမယ်လို့ ထင်တယ်။



ဒေါ်မြင့်မြင့်ခိုင်၊ ပါမောက္ခဌာနမှူး-ငြိမ်း၊
ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်

**ဦးအုန်းမောင်သည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာတန်းအောင်ပြီး ၁၉၃၇ ခုနှစ်တွင် အိုင်စီအက်(စ်)စာမေးပွဲဝင်ရောက်ဖြေဆိုရာ ဖြေဆိုသူသုံးဦးအနက် ပထမရရှိခဲ့သူဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးအတွင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ဗိုလ်ချုပ်တို့နှင့်အတူ ကျဆုံးခဲ့ရခြင်းဖြစ်သည်။ ဦးအုန်းမောင်၏သားဖြစ်သူ ဒေါက်တာ မင်းမြင့်နှင့် တွေ့ဆုံခဲ့ရာတွင် …။**

**ဒေါက်တာ မင်းမြင့်၊ ပါမောက္ခဌာနမှူး-ငြိမ်း၊**
**ကုန်ထုတ်ဓာတုဗေဒဌာန**
**(အတွင်းဝန် ဦးအုန်းမောင်၏ သားအငယ်ဆုံး)**

**မေး ။ အာဇာနည်နေ့ရောက်ပြီဆိုရင် အာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ ပတ်သက်ပြီး တစ်နိုင်ငံလုံးက ပြည်သူတွေက လွမ်းဆွတ်သတိရမှုတွေ ရှိနေကြတယ်။ ဆရာ့အနေနဲ့ အာဇာနည်နေ့ရောက်ခါနီး ဘယ်လိုခံစားမှု တွေရှိတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ အဖေတို့ကျဆုံးချိန်မှာ ဆရာက တစ်နှစ်နဲ့ ၁၀ လသားပဲ ရှိသေးတယ်။ စိတ်မကောင်းဖြစ်တာတော့ အရွယ်ရောက်ပြီး ၁၉ ဇူလိုင်မှာ တစ်နှစ်တစ်ခါ လွမ်းသူ့ပန်းခွေချတော့မှသိတယ်။ စိတ်မကောင်းဖြစ်မိ

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

တယ်။ ကျဆုံးချိန်တုန်းက ၁ နှစ် ၁၀ လသားဆိုတော့ ဒါတွေမသိဘူးပေါ့၊ ပိုပြီးခံစားရတာ သားသမီးတွေထက် စာရင် ဆရာ့အမေ ဒေါ်သိန်းကြွယ်က ပိုခံစားရတယ်။

အဖေကျဆုံးချိန်တုန်းက အမေက အသက် ၂၂ နှစ်လောက်ပဲရှိသေးတယ်။ အမေက နှစ်တိုင်း ဒီအချိန်ရောက်ရင် အခုထိနေထိုင်မကောင်းဖြစ်ပြီး အိပ်မက်လိုလို အတိတ်ကို ပြန်သတိရတယ်။ အခုလိုတစ်ယောက်တည်း ဆိုရင် ပြန်တွေးပြီး စိတ်မကောင်းဖြစ်နေတတ်တယ်၊ မျက်ရည်ကျနေတယ်၊ ဆရာတို့ကိုတော့ ဖွင့်မပြောဘူးပေါ့။ အခု အမေက အသက် ၉၁ နှစ်ရှိပြီ။ အဖေ့အတွက် အမြဲတမ်း ဆွမ်းကျွေးပေးရတယ်။


အဖေကျဆုံးချိန်တုန်းက ၃၄ နှစ် အရွယ်ပေါ့၊ ဒီနှစ်သက်စေ့ သံဃာတော်တွေ ဆွမ်းကပ်မယ်။ နိုင်ငံတော်ကလုပ်တဲ့မြို့တော်ခန်းမမှာ ဆွမ်းကျွေးတာတောင် မသွားဘူး။ သူကိုယ်တိုင်အိမ်မှာ သံဃာတွေပင့်ပြီး ဆွမ်းကပ်တယ်။

**မေး ။ အစိုးရသစ်လက်ထက်မှာ ကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားနဲ့ပတ်သက်ပြီး မိသားစုဝင်တွေအနေနဲ့ ဘယ်လိုထင်မြင်ပါသလဲ။**

ဖြေ ။ ဟိုးတုန်းကသိတတ်တဲ့ အရွယ်ရောက်ကတည်းက အာဇာနည်နေ့အခမ်းအနားတက်ရင် သမ္မတကြီး မန်းဝင်းမောင် ကိုယ်တိုင်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဇနီး အန်တီဒေါ်ခင်ကြည်၊ အောင်ဆန်းစုကြည်လည်းပါတာပေါ့။ ဦးအောင်ဆန်းဦးတို့ရော၊ သူတို့မိသားစုကထိပ်ဆုံးမှာနေပြီး သမ္မတကြီးက အားလုံးကို လက်ဆွဲနှုတ်ဆက်တယ်။ အားပေးစကားပြောတယ်။ မိသားစုကိုးဖွဲ့ကို တစ်ဖွဲ့စီလိုက်နှုတ်ဆက်တယ်။ ပြီးတော့မှ အားလုံး အာဇာနည်ဗိမာန်ပေါ်အတူတက်တယ်။ ပန်းခွေအတူတူချတယ်။ အလေးပြုတာလည်းအတူတူပဲ။



ဒေါက်တာ မင်းမြင့်၊ ပါမောက္ခဌာနမှူး-ငြိမ်း၊ ကုန်ထုတ်ဓာတုဗေဒဌာန



ဦးအုန်းမောင်

**‘ တစ်နိုင်ငံလုံး စည်းစည်းလုံးလုံးနဲ့ လွတ်လပ်ရေးရဲ့ အရသာခံစားပြီး ပျော်ရွှင်တဲ့နိုင်ငံကြီး ဖြစ်စေချင်တယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ စိတ်ထဲမှာလည်း ဒီလိုဆန္ဒတွေရှိနေမယ်လို့ ထင်တယ် ’**

အဲဒီအစဉ်အလာကို တော်လှန်ရေးကောင်စီအစိုးရ ဗိုလ်ချုပ်ကြီးနေဝင်းလက်ထက်မှာလည်း လုပ်ခဲ့တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းကိုယ်တိုင် မိသားစုဝင်တွေကို ရင်းရင်းနှီးနှီးနှုတ်ဆက်တယ်။ နှုတ်ဆက်ပြီးရင် ဗိုလ်ချုပ်ကြီးနေဝင်းက အာဇာနည်ဗိမာန်ပေါ်တက်သွားတယ်။ မိသားစုဝင်တွေက နောက်ကလိုက်သွားတယ်။ အတူတူပန်းခွေချတယ်။ အဲဒါလေးက ဟိုတုန်းက အစီအစဉ်ပေါ့။

နောက်ပိုင်းတော့ ပြန်ကြားရေးဝန်ကြီးအဆင့်လောက်၊ အဲဒီကနေနောက်ဆုံး မြို့တော်ဝန်အဆင့်ထိ ဖြစ်သွားတယ်။ ဟိုတုန်းကတော့ ဗိုလ်ချုပ်ကြီးတွေ၊ သမ္မတကြီးတွေ ပန်းခွေချရင် မိသားစုဝင်တွေပါ အတူတူလိုက်ချတယ်။ နောက်ပိုင်းတော့ ဘယ်သူ့လက်ထက်လဲ မသိတော့ဘူး။ အဲဒီအစီအစဉ်တွေပျက်သွားတယ်။

အခုတော့ နိုင်ငံတော်လူကြီးတွေ ဂါရဝပြုပြီးရင် အာဇာနည်ခေါင်းဆောင်ကြီးတွေရဲ့ မိသားစုတွေက တစ်ဖွဲ့ချင်း ဂါရဝပြုကန်တော့ကြရတယ်။ ဖြစ်နိုင်ရင် ဟိုတုန်းကလို ပြန်ဖြစ်ချင်တယ်။ အခုလည်းသမ္မတကြီး ဦးသိန်းစိန်အစိုးရလက်ထက်ကစပြီး နိုင်ငံတော်ဒုတိယသမ္မတအဆင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတွေ တက်ရောက်ပြီး ဂါရဝပြုလာတာ တွေ့ရတယ်။

ဆရာတို့ဆို သွားရေးလာရေး ကားအဆင်မပြေလို့ နိုင်ငံတော်ကနေပြီး အဆင်ပြေအောင် ဆောင်ရွက်ပေးတယ်။ နိုင်ငံတော်ကလုပ်ပေးတဲ့ အစီအစဉ်က ဆရာ့အမြင်နဲ့ပြောရရင် အဆင်ပြေပါတယ်။ ဒီနှစ်နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင်လာမယ်လို့ သတင်းသဲ့သဲ့ကြားတယ်။ လာမယ်ဆိုရင်တော့ အတိုင်းမသိဝမ်းသာတာပေါ့။

စိတ်အလွန်ထိခိုက်နေတဲ့အချိန် နိုင်ငံ့အကြီးဆုံးခေါင်းဆောင်က ဘာပဲပြောပြောလာတယ် ဆိုရင်တော့ မိသားစုတစ်ဦးချင်းက အလွန်ဝမ်းသာကြလိမ့်မယ်။ စိတ်မကောင်းတဲ့ကြားထဲကပဲ လာအားပေးမယ်ဆိုရင် အင်မတန်ပဲ အားရှိတာပေါ့။

**မေး ။ အခု အစိုးရလက်ထက်မှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေလုပ်နေတဲ့အပေါ် ဘယ်လိုမြင်ပါသလဲ။**

ဖြေ ။ အခုလုပ်နေတဲ့အချိန်ထိ ဆရာကိုယ်တိုင်ကလည်း နိုင်ငံရေးသမားစစ်စစ် မဟုတ်သေးတော့ နိုင်ငံရေးလုပ်ဖို့ စိတ်ဆန္ဒတော့ရှိတယ်။ နိုင်ငံရေးသမှာရင့်အတွေ့အကြုံမရှိတော့ သမ္မတကြီး ဦးသိန်းစိန် လုပ်တာတွေ မှတ်ချက်ပေးဖို့ခက်တယ်။ ယေဘုယျပြောမယ်ဆိုရင် သမ္မတကြီးလုပ်နေတဲ့ ဒီမိုကရေစီပြုပြင် ပြောင်းလဲရေးကို အများကြီး သဘောကျပါတယ်။ ထောက်လည်းထောက်ခံပါတယ်။ လိုချင်တဲ့ ဒီမိုကရေစီအဆင့်ကိုတော့ အပြည့်အဝမရောက်ရှိသေးဘူးလို့ ထင်တယ်။

**(ဟုတ်ကဲ့၊ အခုလို စိတ်ရှည်လက်ရှည် ဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ။)**

# အာဇာနည်နေ့ မမေ့ဝန်တာ

★ ဝါဆိုမိုးတွေက
စွေဆဲပ ယနေ့တိုင်။
မြန်ပြည်သူ မြန်နယ်ဂုန်းမှာလည်း
လွမ်းဆဲတူပြိုင်။
မမေ့တဲ့နိုင်
လဇူလိုင် တစ်ဆယ့်ကိုး။
နှစ်အလီလီ ဘယ်လိုညောင်းလို့
ခေတ်အလီလီ ဘယ်ပုံပြောင်းသော်လည်း
မဟောင်းနိုင် သစ်မြဲသစ်
ချစ်မြတ်ဆတိုး။

★ လက်ရုံးရည် နှလုံးရည်နှင့်
စိတ်ဓာတ်ခိုင်ကျည် ထူးကဲလို့
သတ္တိဖွဲ့ မြဲသာလွန်။
နိုင်ငံနှင့် လူမျိုးအတွက်
အသက်ကိုပင် စဉ်မနေး
ပေးဆပ် ကျေပွန်။
လွတ်လပ်စခန်းအလှဆီသို့
လမ်းပြတဲ့ ကြယ်တံခွန်
မိုးစွန်မှာ လင်းလက်ဆဲ။
လူသာသေသည်
နာမည်က ရှင်သန်မြဲပါကွဲ့
သူ့ဖွဲ့ သူ့စိတ်ဓာတ်နှင့်
သူ့လုပ်ရပ် သူ့စကားတွေက
သည်းကြားမှတ်စွဲ။

★ အာဇာနည်နေ့ ရောက်လေတိုင်း
ဝိုင်းမျက်ရည် လည်ကာသာ။
ဦးညွှတ်ကာ အလေးပြု
ပေါင်းစုညီညာ။
ပြီးပြန်ပေါ့ တစ်နှစ်စာ
မဖြစ်ပါလိုလျှင်ဖြင့်။
“စွန့်လွှတ်မှု” “ပေးဆပ်မှု” များကို
စေ့ငုကာ စံနမူယူလို့
မြန်ပြည်သူ မြန်ပြည်အရေးအတွက်
ပေးဆပ်ကြသင့်။

★ သူ့ကို ချစ်ပါပြြား
သူ့စကား နားထောင်ရာ။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
တိုးချစ်ကြပါ။
ဥပဒေကို လေးစား
စည်းကမ်းများလည်း တို့လိုက်နာ
အကျင့်သိက္ခာ ကိုယ်စီထိန်း။
ဒီမိုကရေစီစံနှုန်းနှင့် အပြည့်မီဆုံးနိုင်ငံသစ်ရယ်လို့
တို့ခေတ်မှာ မော်ကွန်းထိုးရအောင်
ကြိုးစို့ခပ်သိမ်း။

★ ဖခင်ဗိုလ်ချုပ် မျှော်မှန်းတဲ့
ဒီမိုကရေစီ ပန်းတိုင်ဆီ။
ယနေ့ခါ ညီညာလှမ်း
စခန်းမဝေးပြီ။
ဥမကွဲ သိုက်မပျက်
လက်ချင်းယှက် စိတ်ချင်းညီ
တို့ပြည်ရဲ့ အနာဂတ်လမ်း။
တည်ငြိမ်အေးချမ်း မပျက်ပါဘဲ
ဖွံ့ဖြိုးတိုးတက် ဝပြောစည်လို့
များပြည်သူ ဘဝင်နှလုံး
(ကွယ်....) ပြုံးရွှင်မွေ့ချမ်း။ ။

(၆၈)နှစ်မြောက် အာဇာနည်နေ့ကို ဂုဏ်ပြုလျက်-

**ဇော်မင်းမင်းဦး**

# ပြည်နယ်၊ ပြည်မများသို့ ခရီးဆက်သွယ်သွားလာနိုင်မည့် သံလွင်တံတား(ဖားဆောင်း)ဖွင့်ပွဲကျင်းပ

**လှိုင်ကော် ဇူလိုင် ၁၇**

သံလွင်မြစ်ကူးတံတား ရှစ်စင်းမြောက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ တာဝန်ယူစဉ် ၈၅ စင်းမြောက်တံတားဖြစ်သည့် သံလွင်တံတား(ဖားဆောင်း)ကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

အဆိုပါ တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါတံတား မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးချစ်လှ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒေသခံရှမ်းတိုင်းရင်းသား ဦးထွန်းလှိုင်၊ ကယားတိုင်းရင်းသူ ဒေါ်ညိုညိုအေးနှင့် ကရင်တိုင်းရင်းသား ဦးစောနီးအာတို့က သံလွင်တံတား(ဖားဆောင်း) တည်ဆောက်ပေးခဲ့သည့်အတွက် နိုင်ငံတော်အား ကျေးဇူးတင်ရှိကြောင်း ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကယားပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ယင်းအခြေအနေများကို အမြန်ဆုံးရုန်းထွက်နိုင်ရန် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က အစွမ်းကုန်ဆောင်ရွက်နေကြပါကြောင်း၊ အစိုးရသစ် စတင်တာဝန်ယူချိန်တွင် ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့်ကျန်းမာရေး စသည့်ကဏ္ဍများတွင် အားနည်းခဲ့သော်လည်း ယခုအခါတွင် နယ်မြေအေးချမ်းသာယာလာပြီ ဖြစ်သည့်အတွက် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် လွိုင်ကော်-ဖားဆောင်းကို ၃ နာရီခွဲ ၄ နာရီဖြင့် သွားလာနိုင်ပြီဖြစ်ပါကြောင်း။

ယခင်က မယ်စဲ့မြို့နယ်မှ လွိုင်ကော်သို့ သွားရောက်ပါက သံလွင်မြစ်ကို ဇက်၊ သမ္ဗန်များဖြင့် ဖြတ်သန်းရသည့်အတွက် အချိန်များစွာကြန့်ကြာခဲ့ပါကြောင်း၊ ယခုအခါ ဖားဆောင်းတံတားကြီးကို တည်ဆောက်နိုင်ခဲ့သည့်အတွက် လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ပြီဖြစ်ပါကြောင်း၊ မကြာမီ မယ်စဲ့မြို့နယ် BP-13 တွင် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်နိုင်တော့မည်ဖြစ်ရာ မယ်စဲ့-ဖားဆောင်း-ဘော်လခဲ-လွိုင်ကော်ကားလမ်းမကြီးသည် ပြည်နယ်၏ အဓိကကုန်သွယ်မှု လမ်းကြောင်းကြီးအဖြစ် ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ ယင်းလမ်းတစ်လျှောက်ရှိ မြို့နယ် ကျေးရွာများသည်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ ဝင်ငွေမှာလည်း ပိုမိုရရှိလာတော့မည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် သံလွင်တံတား(ဖားဆောင်း)ကို ကယားပြည်နယ်မှ ထူးချွန်လူငယ် သုံးဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဖားဆောင်းမြို့ ဒက္ခိဏာရုံကျောင်း ဆရာတော်အမှူးပြုသော ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ဖွင့်လှစ်သည့် သံလွင်တံတား(ဖားဆောင်း)သည် ဖားဆောင်း-မယ်စဲ့-နန့်မန်းလမ်းပေါ်တွင်တည်ရှိပြီး သံလွင်မြစ်ကူးတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနအထူးစီမံကိန်းကြီးအဖွဲ့(၄)က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ တံတားအရှည်မှာ ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ သံမဏိသံပေါင်တံတားအမျိုးအစားဖြစ်သည်။

သံလွင်တံတား (ဖားဆောင်း)ကို တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် သံလွင်မြစ်၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို အတားအဆီးဖြစ်နေသည့် သံလွင်မြစ်ကိုဖြတ်သန်း၍ ပြည်နယ်၊ ပြည်မများသို့ ခရီးဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်သည်။

သံလွင်မြစ်ပေါ်တွင် ကွမ်းလုံတံတားကို ၁၉၆၆ ခုနှစ်တွင်လည်းကောင်း၊ တာကောတံတားကို ၁၉၇၄ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား(တာကော်အက်)ကို ၁၉၉၇ ခုနှစ်တွင် လည်းကောင်း၊ သံလွင်တံတား (ဘားအံ)ကို ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ သံလွင်တံတား (တာဆန်း)ကို ၁၉၉၉ ခုနှစ်တွင်လည်းကောင်း၊ သံလွင် တံတား(မော်လမြိုင်)နှင့် သံလွင်တံတား (တာပါး)တို့ကို ၂၀၀၅ ခုနှစ်တွင် လည်းကောင်း၊ သံလွင်တံတား (ဖားဆောင်း)ကို ၂၀၁၅ ခုနှစ် ယနေ့တွင်လည်းကောင်း ဖွင့်လှစ်နိုင်ခဲ့၍ စုစုပေါင်း တံတား ရှစ်စင်း တည်ဆောက်ခဲ့ပြီးဖြစ်သည့်အပြင် သံလွင်တံတား(ချောင်းဆုံ)ကိုလည်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလက စတင်တည်ဆောက်လျက်ရှိသည်။ **(သတင်းစဉ်)**




# ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရန် လွိုင်ကော်ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားစတင်ဖြန့်ဖြူး

**လွိုင်ကော် ဇူလိုင် ၁၇**

နိုင်ငံတော် အစိုးရအနေဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် စက်တပ်ဆင်အင်အား ၃၄၁၃ မဂ္ဂါဝပ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးခဲ့ရာမှ ယနေ့စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၄၈၀၀ ကျော်အထိ ရှိလာပြီဖြစ်သည့်အတွက် မဂ္ဂါဝပ် ၁၄၀၀ ခန့် ပိုမိုတိုးတက်လာခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၂ ဒသမ ၂၂ သန်း အတွက်သာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ယခု အိမ်ထောင်စုပေါင်း ၃ ဒသမ ၃ သန်းခန့်ကို လျှပ်စစ်ဓာတ်အား ပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ခုနှစ်တွင် မဟာဓာတ်အားလိုင်းမှ ဖြန့်ဖြူးပေးသည့် ကျေးရွာပေါင်း ၂၂၅၀ သာ ရှိခဲ့ပြီး ယခု ၆၇၂၉ ရွာအထိ တိုးတက်လာပြီဖြစ်ပါကြောင်း ယနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ပြောကြားခဲ့သည်။

ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရန်အတွက် လွိုင်ကော်ပင်မ ဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် လွိုင်ကော်မြို့ ၁၃၂ ကေဗွီ လွိုင်ကော် ပင်မဓာတ်အားခွဲရုံ၌ ကျင်းပစဉ် ပြည်ထောင်စုဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ့သမိုင်းဝင် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးဖြစ်သည့် ဘီလူးချောင်း (၂)ကို တည်ဆောက်ပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ ဓာတ်အားပို့လွှတ်ခဲ့သည့် ၁၉၆၀ ခုနှစ်တွင် ကယားပြည်နယ်အတွင်း လွိုင်ကော်တစ်မြို့တည်းသာ လျှပ်စစ်မီး အနည်းငယ် စတင်သုံးစွဲနိုင်ခဲ့ပါကြောင်း၊ ၂၀၁၁ ခုနှစ် မတိုင်မီအချိန်က ဘီလူးချောင်း (၂)စက်ရုံမှ ၃၃ ကေဗွီ ဓာတ်အားလိုင်းများဖြင့် လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းမြို့များကို ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ယခု လွိုင်ကော်ပင်မဓာတ်အားခွဲရုံ ၁၃၂/၃၃/၁၁ ကေဗွီ၊ အမ်ဗွီအေ ၅၀ ကို ၂၀၁၅ ခုနှစ် ဧပြီလတွင် တည်ဆောက်ပြီးနောက် လွိုင်ကော်ခရိုင်အတွင်း လွိုင်ကော်မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၇၀၀၀ ကျော်နှင့် အနီးဝန်းကျင်ကျေးရွာ ၅၄ ရွာ၊ ဒီမောဆိုမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၃၆၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၄၅ ရွာ၊ ဖရူဆိုမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၁၁၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာ ၁၁ ရွာ၊ ရှားတောမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၄၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် ကျေးရွာနှစ်ရွာတို့ကို မဟာဓာတ်အားလိုင်းစနစ်က ဓာတ်အားပေးထားနိုင်ပြီ ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဘော်လခဲမြို့နယ်ရှိ အိမ်ထောင်စုပေါင်း ၈၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင်နှစ်ရွာ၊ ဖားဆောင်းမြို့နယ်တွင် အိမ်ထောင်စုပေါင်း ၆၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင်သုံးရွာ၊ မယ်စဲ့မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၂၀၀ ကျော်၊ ရွာသစ်မြို့နယ်တွင် အိမ်ထောင်စုပေါင်း ၃၀၀ ကျော်နှင့် အနီးပတ်ဝန်းကျင် သုံးရွာတို့ကိုလည်း ဓာတ်အားစနစ်မှ ဓာတ်အားကို ၂၄ နာရီ ဖြန့်ဖြူးပေးထားပြီး ဖြစ်သည်။ ယခုအခါ ပြည်နယ်တစ်ခုလုံး အနေဖြင့် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားကို မြို့အားလုံး ရှစ်မြို့နှင့် ကျေးရွာစုစုပေါင်း ၅၁၁ ရွာအနက် ၂၅၄ ရွာကို ပေးပို့နိုင်ပြီဖြစ်သည်။

လက်ရှိ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်း ကျေးရွာပေါင်း ၁၁၄ ရွာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ၊ ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ယခု ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန်တွင် ပြည်နယ်တစ်ခုလုံးရှိ အိမ်ထောင်စုများ၏ ၉၀ ရာခိုင်နှုန်းကျော်သည် မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲလာနိုင်တော့မည် ဖြစ်ကြောင်း အဆိုပါအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်များအရ သိရှိရသည်။

ထို့ပြင် လွိုင်ကော် ၁၃၂ ကေဗွီပင်မဓာတ်အားခွဲရုံကို ပစ္စည်းတန်ဖိုး နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၄၀၆ သန်းနှင့် တည်ဆောက်စရိတ် မြန်မာငွေကျပ် ၇၉၈၉ ဒသမ ၉၇၆ သန်း အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ကယားပြည်နယ်နည်းတူ ယခင်ကလျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနိုင်ခြင်းမရှိသည့် ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်အတွင်း သံတွဲ၊ ငပလီ၊ တောင်ကုတ်၊ အမ်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့များကို မဟာဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အား စတင်ပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျောက်ဖြူ ရမ်းဗြဲမြို့များကို ထပ်မံ

**လျှပ်စစ်ဓာတ်အား မရရှိသေးသည့်ဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံချက်ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး ရေးဆွဲခဲ့။**

**ကမ္ဘာ့ဘဏ်၏ စီမံချက်အရဆိုလျှင် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားရရှိစေရန် ရည်မှန်းထား။**

*စာမျက်နှာ ၁၁ သို့*


ကယားပြည်နယ်၌ တည်ဆောက်ထားသည့် သံလွင်တံတား (ဖားဆောင်း)။

# မန္တလေး - လားရှိုးလမ်း၌ ယာဉ်တိုက်မှုဖြစ်

**မန္တလေး ဇူလိုင် ၁၇**

မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် ၄၈ မိုင် ၅ ဖာလုံအနီးတွင် ဗင်ကားတစ်စီးသည် မျက်နှာချင်းဆိုင်မောင်းနှင်လာသည့် ဒိုင်နာယာဉ်တစ်စီးနှင့် ဝင်ရောက်တိုက်မိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၆ ရက် ည ၈နာရီက မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၄၈/၅)အနီးတွင် နောင်ချိုဘက်မှ ပြင်ဦးလွင်ဘက်သို့ ယာဉ်မောင်း သန်းထွဋ်အောင် မောင်းနှင်လာသော ဗင်ကားသည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း ဇော်ထက် မောင်းနှင်လာသည့် ဒိုင်နာခြောက်ဘီးယာဉ်အား ဝင်ရောက်တိုက်မိခဲ့မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဗင်ကားအဖြူရောင်ယာဉ်ပေါ်ပါ မောင်ဇော်(၃၈ နှစ်) ညံ့ကွဲရပ် ပြင်ဦးလွင်မြို့နေသူမှာ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ကုလား(ခ) စိုးကိုကိုတွင် (စိုးရိမ်ရ) ဒဏ်ရာများနှင့် ယာဉ်မောင်း သန်းထွဋ်အောင်၊မြင့်သူဇော်နှင့် သူရဇော်တို့တွင် (မစိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ရာ ပြင်ဦးလွင်ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုများဆောင်ရွက်ခဲ့သည်။

အဆိုပါဖြစ်စဉ်အား ပိတ်ချင်းမြောင်ရဲစခန်းမှ ရဲတပ်ကြပ်ကြီးဇော်နိုင်က တရားလိုပြု၍ ယာဉ်မောင်း သန်းထွဋ်အောင်အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အေးမြ(မန္တလေး)**

*စာမျက်နှာ ၁၀ မှ*

တိုးချဲ့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ကာ တစ်ဆက်တည်း အနီးပတ်ဝန်းကျင်ကျေးရွာ ၅၃ ရွာတွင်လည်း လျှပ်စစ်မီးများ ရရှိပြီဖြစ်သည်။ ဆက်လက်ပြီး ယခု ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မင်းပြား၊ မဒေးကျွန်း၊ မြေပုံ၊ ပေါက်တော၊ မအီ၊ ၇ မြို့များကိုပါ လျှပ်စစ်မီးရရှိရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ချင်းပြည်နယ်တွင် ချင်းအမျိုးသားနေ့ဖြစ်သည့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မဟာဓာတ်အားလိုင်းမှတစ်ဆင့် စတင်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပနိုင်ခဲ့ပြီး ယခုဆိုလျှင် ဟားခါးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ပြီး ဖလမ်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ တီးတိန်တို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို တည်ဆောက်လျက်ရှိပါကြောင်း။

လျှပ်စစ်ဓာတ်အား မရရှိသေးသည့်ဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းပြီး ရေးဆွဲခဲ့ရာတွင် ၂၀၁၅ -၂၀၁၆ ခုနှစ်နှင့် ၂၀၁၉- ၂၀၂၀ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အိမ်ထောင်စု ၁ ဒသမ ၅ သန်းခန့်ကို ဓာတ်အားစနစ်မှ တိုးချဲ့ပေးရန်နှင့် အိမ်ထောင်စု ၁၂၀၀၀၀ ကျော်ကို ဓာတ်အားစနစ်ပြင်ပတွင် သီးခြားအစီအစဉ်ဖြင့် ဓာတ်အားပေးရန် စီမံလျာထားပါကြောင်း၊ ကမ္ဘာ့ဘဏ်၏ စီမံချက်အရဆိုလျှင် ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးကို လျှပ်စစ်ဓာတ်အားရရှိစေရန် ရည်မှန်းထားပါကြောင်း။

အမျိုးသား လျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်အောက်မှ လုပ်ငန်းများအနက် ၂၀၁၅-၂၀၁၆ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ခုနှစ်အထိ ငါးနှစ်အတွင်း အိမ်ထောင်စုပေါင်း ၁ ဒသမ ၆ သန်းကို လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၆၇၀ ခန့် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါကြောင်း။

JICA နှင့် ပူးပေါင်းရေးဆွဲလျက်ရှိသော စီမံချက်အရ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား ၄၅၃၁ မဂ္ဂါဝပ်၊ ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ၈၀၂၁ မဂ္ဂါဝပ်၊ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် ၁၄၅၄၂ မဂ္ဂါဝပ် သုံးစွဲရန်လိုအပ်မည်ဖြစ်ပါကြောင်း။

ကယားပြည်နယ် အပါအဝင် တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲလာနိုင်မည်ဖြစ်၍ ပြည်သူလူထု၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍအားလုံးတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင်မြင်လာတော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ကယားပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးရေးအတွက် လွိုင်ကော်ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် လွိုင်ကော်ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းအခမ်းအနားကို ဘက်စုံပညာထူးချွန်လူငယ်၊ ကင်းထောက်လူငယ်နှင့် လူရည်ချွန်လူငယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**



ယင်းနောက် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက လွိုင်ကော် ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးခြင်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယနေ့အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကယားပြည်နယ်အတွင်းရှိ ကျေးရွာများ ဓာတ်အားစနစ်ဖြင့်မီးလင်းရန် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ

| စဉ် | မြို့နယ် | လက်ရှိ | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ မီးလင်းပြီးကျေးရွာ | | | | ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မီးလင်းရန် ဆောင်ရွက်မည့်ကျေးရွာ | | | | မီးလင်းရန် ကျန်ကျေးရွာများ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ | မီးလင်းပြီး% | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ | မီးလင်းမည့်% | ကျေးရွာ | အိမ်ထောင်စု | လူဦးရေ |
| ၁ | လွိုင်ကော် | ၁၂၇ | ၂၄၄၅၂ | ၁၂၄၆၆၇ | ၉၇ | ၂၂၉၀၄ | ၄၇၉၄၅ | 93.6% | ၁၅ | ၁၂၃၃ | ၄၁၆၅ | 98.7% | ၁၅ | ၈၀ | ၃၅၇၅ |
| ၂ | ဒီးမော့ဆို | ၁၆၃ | ၁၃၈၃၇ | ၇၈၆၂၀ | ၁၀၅ | ၁၀၈၅၅ | ၄၄၆၇၉ | 78.4% | ၃၅ | ၂၇၀၂ | ၁၀၃၃၅ | 97.90% | ၂၃ | ၃၀၀ | ၄၅၇၅ |
| ၃ | ဖရူဆို | ၁၁၅ | ၅၉၄၈ | ၂၇၅၆၆ | ၂၅ | ၁၈၆၀ | ၈၀၇၄ | 31.3% | ၄၄ | ၂၃၁၃ | ၄၅၉၂ | 50.57% | ၄၆ | ၆၀၀ | ၁၄၇၀၀ |
| ၄ | ရှားတော | ၂၀ | ၁၂၅၀ | ၆၅၂၇ | ၂ | ၅၀၇ | ၉၈၅ | 40.6% | ၇ | ၅၀၃ | ၂၀၇၅ | 73.76% | ၁၁ | ၁၅၀ | ၁၆၄၀ |
| ၅ | ဘော်လခဲ | ၁၃ | ၁၃၂၂ | ၇၀၅၇ | ၁၁ | ၁၂၂၄ | ၂၂၄၈ | 94.1% | ၂ | ၉၈ | ၄၉၀ | 100% | - | - | - |
| ၆ | ဖားဆောင်း | ၅၇ | ၃၄၄၃ | ၁၈၁၀၄ | ၁၁ | ၁၆၃၃ | ၅၂၅၀ | 47.4% | ၂ | ၄၇၈ | ၂၃၉၀ | 61.30% | ၄၄ | ၃၁၀ | ၅၃၂၈ |
| ၇ | မယ်စဲ့ | ၁၂ | ၁၀၉၈ | ၅၆၃၈ | - | - | - | - | ၈ | ၈၅၃ | ၂၆၂၀ | 59.65% | ၄ | ၆၀ | ၉၈၀ |
| ၈ | ရွာသစ် | ၄ | ၃၈၃ | ၂၄၁၇ | ၃ | ၃၂၅ | ၇၂၄ | 47.2% | ၁ | ၅၈ | ၂၉၀ | 100% | - | - | - |
| | စုစုပေါင်း | ၅၁၁ | ၅၁၇၃၃ | ၂၇၀၅၉၆ | ၂၅၄ | ၃၉၁၀၈ | ၁၀၉၉၀၅ | 73.8% | ၁၁၄ | ၈၂၃၈ | ၂၆၉၅၇ | 97% | ၁၄၃ | ၁၅၀၀ | ၃၀၇၉၈ |

မှတ်ချက်။ မီးလင်းရန် ကျန်ရှိသော ကျေးရွာများသည် အိမ်ထောင်စုဦးရေ နည်းပါးခြင်း၊ ဓာတ်အားလိုင်းနှင့် ဝေးကွာခြင်း၊ ရွှေ့ပြောင်းကျေးရွာများဖြစ်ခြင်းတို့ကြောင့် အခြားနည်းလမ်းများဖြင့်သာ ဓာတ်အားပေးသင့်ပါသည်။

# အမျိုးသမီးနှစ်ဦး ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည့် ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ ယနေ့ယှဉ်ပြိုင်မည်

သတင်း-မောင်စိန်လွင်
(မြန်မာ့အလင်း)

ရန်ကုန် ဇူလိုင် ၁၇

**အာရှတွင် အကြီးမားဆုံးဖြစ်သည့် စင်ကာပူနိုင်ငံအခြေစိုက် One Championship အဖွဲ့က ကြီးမှူးကျင်းပသည့် (MMA) ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ Kingdom of Warriors ကိုရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ-၁ ၌ ယနေ့ ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ရာ ကမ္ဘာ့သတ္တိရှင် အမျိုးသမီးနှစ်ဦး ပါဝင်ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။**


ယနေ့ ယှဉ်ပြိုင်ထိုးသတ်မည့် Kingdom of Warriors ပြိုင်ပွဲကြီးတွင် ဘင်တန်ဝိတ်တန်းမှ လက်ရှိကမ္ဘာ့ချန်ပီယံ ဘရာဇီးနိုင်ငံသားဘီဘာနိုဖာနန်ဒစ်နှင့်စိန်ခေါ်သူ ဖင်လန်နိုင်ငံသား CWFC ချန်ပီယံတိုနီတော်ရှူး၊ အမျိုးသမီးတွဲဆိုင်းဖြစ်သည့် ဟောင်ကောင်မှ Jenny Huang နှင့် ရုရှားမှ Elena Pashnina၊ မြန်မာနိုင်ငံမှဝင်ရောက် ယှဉ်ပြိုင်မည့် တွဲဆိုင်းခြောက်ဆိုင်း၊ အဆိုပါတွဲဆိုင်းများမှ ဆီမီးပွဲနှင့် ဖိုင်နယ်ပွဲတစ်ပွဲတို့အပြင် မကျေနပ်ပွဲတစ်ပွဲဖြစ်သည့် ဖုံသွေး (ဝါဆို)နှင့် စိုးထက်ဦး (အဖြူရောင်သွေးသစ်) တို့၏ တွဲဆိုင်းအပါအဝင် စုစုပေါင်းတွဲဆိုင်း ၁၁ ဆိုင်းယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

"ကျွန်တော့်အနေနဲ့ လက်ရှိခါးပတ်ကို ကာကွယ်နိုင်ဖို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ သူကအရပ်မြင့်တော့ ကျွန်တော်ဘယ်လိုပုံစံယှဉ်ပြိုင်ထိုးသတ်ရမယ်ဆိုတာ အခုပြောလို့မဖြစ်သေးပါဘူး။ အကောင်းဆုံးတော့ ယှဉ်ပြိုင်ထိုးသတ်ဖို့ ပြင်ဆင်ထားတာမို့ ဘယ်လိုပဲဖြစ်ဖြစ် အနိုင်ယူပြီး ချန်ပီယံဆိုတဲ့နာမည်နဲ့ပဲအိမ်ပြန်နိုင်မှာပါ"ဟု ဘင်တန်ဝိတ်တန်းမှ လက်ရှိကမ္ဘာ့ချန်ပီယံ ဘရာဇီးနိုင်ငံသား ဘီဘာနိုဖာနန်ဒစ်က ကန်တော်ကြီး ကရဝိက်၌ ယနေ့မွန်းလွဲ ၁နာရီခွဲက ပြုလုပ်သည့် ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားသည်။

လက်ရှိချန်ပီယံ ဘီဘာနိုဖာနန်ဒစ်သည် ဘရာဇီးကိုယ်ခံပညာ Jiu-Jitsu ပညာရပ်ကို ပြိုင်ဘက်ကင်းထူးချွန်သူဖြစ်ပြီး ကမ္ဘာ့အရပ်ရပ်ပြိုင်ပွဲများတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်းရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်သည်။ ဘီဘာနိုသည် လက်ရှိချန်ပီယံဆုခါးပတ်ကို ကိုရီးယားနိုင်ငံသားစူချူခင်မ်၊ ဂျပန်နိုင်ငံသားမာစာကတ်ဆုဥအေဒါနှင့် ကိုရီးယားနိုင်ငံသားဒေဟွန်ခင်မ်တို့ သုံးဦးကိုအလဲထိုးကာ ချန်ပီယံဆုကိုဆွတ်ခူးထားသူလည်းဖြစ်သည်။

စိန်ခေါ်သူ ဖင်လန်နိုင်ငံသားတိုနီတော်ရှူးကလည်း "ကျွန်တော်အကောင်းဆုံးဖြစ်အောင် ကြိုးစားလေ့ကျင့်ထားပါတယ်။ ကျွန်တော်က စိန်ခေါ်သူကို။ သူ့ဆီက ချန်ပီယံခါးပတ်ကို လွှဲပြောင်းလိုချင်လို့ ကျွန်တော်စိန်ခေါ်တာ ဖြစ်တော့ ကျွန်တော့်ရည်မှန်းချက် အောင်မြင်မယ်လို့ ယုံကြည်ထားပါတယ်။ ဘီဘာနိုဟာတော်တဲ့သူ တစ်ယောက်ပါ။ အထူးသဖြင့် ဘရာဇီးကိုယ်ခံပညာကို တော်တော်လေးပိုင်နိုင်တဲ့သူဆိုတာ ကမ္ဘာကလက်ခံထားပါတယ်။ ဒါပေမယ့် ကျွန်တော်သူ့ဆီကချန်ပီယံခါးပတ်ကိုလွှဲပြောင်းယူနိုင်မယ်လို့ ယုံကြည်လို့ အခုလိုမြန်မာနိုင်ငံကိုရောက်လာတာပါ"ဟုဆိုသည်။

တိုနီတော်ရှူးသည်(MMA)ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲ ၁၀ ပွဲဆက် အနိုင်ရရှိထားသူဖြစ်ပြီး လက်ရှိတွင် CWFC ၏ ဘင်တန်ဝိတ်တန်းချန်ပီယံ ဆွတ်ခူးထားသူဖြစ်သည်။ သူ၏ဖမ်းချုပ်မှုစွမ်းအားကောင်းမွန်တော်လွန်းခြင်းကြောင့် ပြိုင်ဘက်တိုင်းက တော်ရှူးကို ကမ္ဘာ့အတော်ဆုံးဖမ်းချုပ်သူဟု အမည်ပေးထားခြင်းကိုခံထားရသူတစ်ဦးလည်းဖြစ်သည်။




**Kingdom of Warriors ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်ထိုးသတ်မည့် ရုရှားနိုင်ငံသူ** Elena Pashnina **နှင့် ဟောင်ကောင်သူ Jenny Huang.** ဓာတ်ပုံ- မင်းထက်

ပြိုင်ပွဲတွင် သတ္တိကိုအခြေခံကာ ယှဉ်ပြိုင်ထိုးသတ်မည့် အမျိုးသမီး (MMA) ကိုယ်ခံပညာ ပေါင်းစုံအတိုက်ပြိုင်ပွဲတွင် သုံးပွဲဆက်အနိုင်ယူထားသည့် ရုရှားနိုင်ငံသူ Elena Pashnina နှင့် အာရှမိန်းကလေးများ၏ ရဲစွမ်းသတ္တိရှိမှုအား ကမ္ဘာကို ပြသချင်တယ်ဆိုသည့် ဟောင်ကောင်သူ Jenny Huang တို့၏ ကိုယ်ခံပညာပေါင်းစုံ အတိုက်ပြိုင်ပွဲကလည်း ဝါသနာရှင်ပြည်သူများ အထူးစိတ်ဝင်စားနေကြပေသည်။

"ဒီ(MMA)ကိုယ်ခံပညာ အတိုက်ပေါင်းစုံပြိုင်ပွဲက ဘယ်နိုင်ငံကိုမှ ကိုယ်စားမပြုဘူး။ နိုင်ငံတိုင်းက ကိုယ်တတ်တဲ့ပညာ၊ ကိုယ်တတ်ကျွမ်းတဲ့ နည်းစနစ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်လို့ရတယ်။ ပြောရရင် မြန်မာ့ရိုးရာလက်ဝှေ့သမားတွေအတွက် ဒီ MMA လို ပွဲမျိုးကိုခုဟာပထမဆုံး ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်တယ်။ ယှဉ်ပြိုင်တဲ့ အခါမှာလည်း ရိုးရာလက်ဝှေ့ကို အခြေခံယှဉ်ပြိုင်ထိုးသတ်ကြမှာ။ ပစ်မှတ်ကတော့ ကမ္ဘာမှာ နာမည်ရနေတဲ့ ONE Championship နောက်ပွဲတွေကို မြန်မာ့ရိုးရာလက်ဝှေ့ကလေးတွေအနေနဲ့ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့ပါ။ ဒါမှလည်း မြန်မာ့ရိုးရာလက်ဝှေ့ကို ကမ္ဘာက သိလာသလို ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်တဲ့ ကလေးတွေအတွက်လည်း ဝင်ငွေတစ်ဖက်တစ်လမ်းကထပ်မံ တိုးလာမှာဖြစ်တယ်"ဟု ပြည်တွင်း၊ ပြည်ပ ရိုးရာလက်ဝှေ့ပွဲများကို စီစဉ်ကျင်းပပေးနေသော ဦးစိုင်းဇော်ဇော်ကဆိုသည်။

ယနေ့ (MMA) ကိုယ်ခံပညာပေါင်းစုံအတိုက်ပြိုင်ပွဲကို ကမ္ဘာ့နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ပရိသတ်တစ်သန်းကျော်က စိတ်ဝင်တစားကြည့်ရှုမှုကို ခံနေရသည်။ ယခုအကြိမ်သည် မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်ဖြစ်သော်လည်း လာမည့်နှစ် မတ်လတွင် တတိယအကြိမ် ထပ်မံပြုလုပ်ရန် စီစဉ်လျက်ရှိသည်။ တတိယအကြိမ် ထပ်မံပြုလုပ်ဖြစ်ပါက စိတ်ပါဝင်စားသည့် မြန်မာ့ရိုးရာလက်ဝှေ့သမားကောင်းများ ပိုမိုဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်နိုင်စေရန် သေချာကြိုတင်ပြင်ဆင်ရွေးချယ် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ MMA ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်သော အားကစားသမားများသည် ထိုးကြေးပုံသေမဟုတ်ဘဲတစ်ပွဲနိုင်လျှင် ဒေါ်လာ ၅၀၀၀စီတိုး၍၊ တိုး၍ ရရှိသွားမည်ဖြစ်သည်။

# ရေလမ်းကြောင်းမှားယွင်းမောင်းနှင်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်းဘုရားရင်ပြင်ကို ဝင်တိုက်မိ

**ကော့သောင်း ဇူလိုင် ၁၇**

ကော့သောင်းမြို့ ဘုရင့်နောင်ရပ်ကွက် ကမ်းနားလမ်း ဘုရင့်နောင်အငူ (ဝိတိုရိယအငူ)အနီးတွင် တည်ထားကိုးကွယ်သည့် နဂါးရုံစေတီတော်ရင်ပြင်တော် ပရိဝုဏ်အတွင်းသို့ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကမ်းရိုးတန်းသွားကုန်တင်သင်္ဘော (သံခွံ) တစ်စင်း ရေလမ်းကြောင်းမှားယွင်းမောင်းနှင်မှုကြောင့် ဝင်ရောက်တိုက်မိသည့်ဖြစ်စဉ်တစ်ခုဖြစ်ပွားသည်။ **(ယာပုံ)**



ဖြစ်စဉ်မှာ အဆိုပါနေ့ နံနက်ပိုင်းက ရန်ကုန်မှ ကော့သောင်းအထိ ကမ်းရိုးတန်းတစ်လျှောက် ပြေးဆွဲကုန်တင်သည့် MV ရွှေသုန္ဒရီ-၃ အမည်ရှိ ကမ်းရိုးတန်းသွား ကုန်တင်သင်္ဘောမှ ကော့သောင်းမြို့သို့ ဝင်ရောက်စဉ် ရေလမ်းကြောင်းမှားယွင်းမောင်းနှင်မှုကြောင့် ဘုရင့်နောင်အငူ(ဝိတိုရိယအငူ)အနီး ပင်လယ်ကမ်းစပ်တွင် တည်ထားကိုးကွယ်သည့် နဂါးရုံစေတီတော်ရင်ပြင်တော် ကွန်ကရစ်လက်ရန်းဝရန်တာအား သင်္ဘောဝင်ရောက်တိုက်မိခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ စေတီတော်ရင်ပြင်ဝရန်တာကွန်ကရစ်တန်းများ ထိခိုက်ပျက်စီးခဲ့ရပြီး စေတီတော်ရင်ပြင်တော်ပေါ်ရှိ ဘုရားဖူးသူများ မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိဘဲ သင်္ဘောတာဝန်ခံဖြစ်သူက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများက လိုအပ်သည်များ စစ်ဆေး မေးမြန်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## အများသိစေရန်မြေဩဇာမှတ်ပုံတင်ကိစ္စကြေညာခြင်း

၁၄-၇-၂၀၁၅ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာနှင့် ၁၅-၇-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာတွင် မြေဩဇာကော်မတီမှ စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေဩဇာလုပ်ငန်းလုပ်ကိုင်သူများသိစေရန် သတိပေးကြေညာချက်ပါ မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာစာရင်းအမှတ်စဉ်(၅)ပါ A1 ပဒေသာအမည်ပါ မြေဩဇာမှာ မှတ်ပုံတင်လက်မှတ်(ထလ/၂၁၉) ပဒေသာအာဟာရစုံ မြေဩဇာအမည်ဖြင့် မြေဩဇာ ထုတ်လုပ်ခွင့်ရရှိထားသည့် မြေဩဇာများကိုပင် A1 ပဒေသာအမည်ဖြင့် ရောင်းချခဲ့ခြင်း ဖြစ်ပါသည်။ A1 ပဒေသာအမည်ဖြင့် မြေဩဇာထုတ်လုပ်ခွင့်မှတ်ပုံတင်ရန်လည်း စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါသည်။ အာဟာရစုံ မြေဩဇာ ပဒေသာနှင့် A1 ပဒေသာတို့မှာ ထုတ်လုပ်သူပိုင်ရှင်တစ်ဦးတည်းသာဖြစ်ကြောင်းနှင့် ဖြန့်ဖြူးရောင်းချသည့် မြေဩဇာမှာ ဖော်ပြထားသည့် စံချိန်စံညွှန်း (N:6.68%, $P_2O_5$: 3.74%, $K_2O$:4.75%, Ca:13.58%, Mg:1.21%, S:3.98%)နှင့်အညီဖြစ်ပါသဖြင့် ကုန်အမှတ်တံဆိပ်ကိုလည်း ပဒေသာအမည်ဖြင့် ၅-၄-၂၀၁၀ ရက်တွင်လည်းကောင်း၊ A1 ပဒေသာအမည်ဖြင့် ၁-၃-၂၀၁၂ ရက်တွင်လည်းကောင်း မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပဒေသာမြေဩဇာထုတ်လုပ်ရေးမှ ဖြန့်ချိရောင်းချနေသော မှတ်ပုံတင်ပြီး မြေဩဇာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | မြေဩဇာအမည် | မှတ်ပုံတင်လက်မှတ် | စံချိန်စံညွှန်း |
|---|---|---|---|
| ၁။ | ပဒေသာအာဟာရစုံ မြေဩဇာ | ထလ/၂၁၉ | N:6.68%, $P_2O_5$:3.74%, $K_2O$:4.75%, Ca:13.58%, Mg:1.21%, S:3.98% |
| ၂။ | A1 ပဒေသာ(10:10:5) | ထလ/၃၀၃ | N:10%, $P_2O_5$:10%, $K_2O$:5% |
| ၃။ | A1 ပဒေသာ(16:16:8) | ထလ/၃၀၄ | N:16%, $P_2O_5$:16%, $K_2O$:8% |
| ၄။ | A1 ပဒေသာ(15:15:15) | ထလ/၃၀၅ | N:15%, $P_2O_5$:15%, $K_2O$:15% |

သို့ပါ၍ ပဒေသာမြေဩဇာထုတ်လုပ်ရေးမှ ထုတ်လုပ်သော A1 ပဒေသာအမည်ဖြင့် ရောင်းချသော မြေဩဇာအိတ်များကို စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူဦးကြီးများအနေဖြင့် ယုံကြည်စိတ်ချစွာ သုံးစွဲနိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပဒေသာမြေဩဇာထုတ်လုပ်ရေးကုမ္ပဏီ**

# အာဇာနည်နေ့ အခမ်းအနားကျင်းပစဉ် လမ်းကြောင်းပိတ်ဆို့ထားမှုနှင့် အာဇာနည်ဗိမာန်သို့ ဝင်ရောက်ရမည့်လမ်းကြောင်းသတ်မှတ်

**ရန်ကုန်  ဇူလိုင်  ၁၇**

(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီတွင် စတင်ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၁၈ ရက် ညနေ ၆ နာရီမှ ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီအထိ အောက်ဖော်ပြပါလမ်းကြောင်းများကို ဖြတ်သန်းသွားလာမှု ယာယီပိတ်ဆို့ထားမည်ဖြစ်ပါသည်-







(က) ဦးဝိစာရလမ်းနှင့်အနောက်ရွှေဂုံတိုင်လမ်းဆုံရာမှ အနောက်ရွှေဂုံတိုင်လမ်းအတိုင်း အနောက်ရွှေဂုံတိုင် (၁)လမ်းထိပ်ထိ၊
(ခ) အနောက်ရွှေဂုံတိုင်လမ်းမှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်စောင်းတန်းအထိ၊
(ဂ) အနောက်ရွှေဂုံတိုင်လမ်းမှအာဇာနည်ဗိမာန်သို့ တက်ရောက်ရာ အုတ်လှေကားလမ်းနှင့် ကျောက်ဆည်မဗ္ဗာရုံဘေးလမ်းကြောင်းများ။

အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ရန်ဖိတ်ကြားထားသော ဧည့်သည်တော်များသည် ရွှေတိဂုံတောင်ဘက်မုခ်မှ အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ်မှတစ်ဆင့် ရွှေတိဂုံမြောက်ဘက်မုခ်ရှိ အာဇာနည်ဗိမာန်ဝင်ပေါက်ဂိတ်(၂)မှဝင်ရောက်ပြီး အနောက်ရွှေဂုံတိုင်လမ်းသို့ ဂိတ်(၃)မှ ပြန်လည်ထွက်ခွာရမည်ဖြစ်ပါသည်။

ဇူလိုင်လ ၁၉ ရက်နေ့ မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ အာဇာနည်ဗိမာန်သို့ အများပြည်သူလာရောက်ဂါရဝပြုနိုင်ရန် ဖွင့်လှစ်ထားမည်ဖြစ်ရာ လာရောက်ကြမည့် ပြည်သူများသည် အနောက်ရွှေဂုံတိုင်လမ်းမှတစ်ဆင့် အနောက်ရွှေဂုံတိုင်လမ်းနှင့် အာဇာနည်လမ်းဆုံရှိ ဂိတ်(၁)မှဝင်ရောက်၍ ဂိတ်(၂)မှတစ်ဆင့် အာဇာနည်လမ်းအတိုင်း ရွှေတိဂုံအရှေ့ဘက်မုခ် စောင်းတန်းသို့ ထွက်ခွာရမည်ဖြစ်ပါသည်။

အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်သို့ ဝင်ရောက်ဂါရဝပြုကြမည့်သူများသည် လက်ကိုင်အိတ်၊ လက်ဆွဲအိတ်၊ ကင်မရာ၊ လက်ကိုင်ဖုန်းနှင့် ကြိုတင်စစ်ဆေးခံယူမှုမရှိသော ပန်းခွေ၊ ပန်းခြင်းစသည့် လုံခြုံရေးကို ထိခိုက်စေနိုင်မည့်ပစ္စည်းတစ်စုံတစ်ရာ ယူဆောင်ခွင့်မပြုကြောင်း ကြိုတင်အသိပေးကြေညာအပ်ပါသည်။

အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက်သို့ ဝင်/ထွက်ရာ လမ်းကြောင်းနှင့်ဂိတ်များ၌ လုံခြုံရေးအရ ရှာဖွေစစ်ဆေးမှုများကို ပူးပေါင်းကူညီသောအားဖြင့် ကြည်ဖြူစွာ အစစ်ဆေးခံပေးကြပါရန်နှင့် သတ်မှတ်လမ်းကြောင်းမှသာ စည်းကမ်းတကျဝင်ရောက်ထွက်ခွာကြပါရန် ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ မေတ္တာရပ်ခံထားကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် အဝင်၊ အထွက် တံခါးအသစ်တပ်ဆင်ပြုပြင်

**နတ်မောက် ဇူလိုင်  ၁၈**

နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ အဝင်၊ အထွက် တံခါးများကို ဖွန်လက အသစ်စတင်ပြုပြင်ခဲ့ကြောင်း သိရသည်။

နှစ်(၁၀၀)ပြည့်ပွဲတော်ကျင်းပရေးကော်မတီအဖွဲ့က ကြီးကြပ်မှုဖြင့် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ အဝင်တံခါးတွင် အလျား ၁၃ ပေရှိ၍ တစ်ချပ်လျှင် ၆ ဒသမ ၅ ပေ နှစ်ရွက်လပ်နှင့် အထွက်တံခါးတွင် အလျား ၁၅ ပေ၊ အနံ ၆ ဒသမ ၅ ပေ သံပန်းတံခါးများ တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**



## ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**စလင်း  ဇူလိုင်  ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ဇူလိုင်လ ဒုတိယပတ်က စလင်းမြို့နှင့် ဆင်ဖြူကျွန်းမြို့တွင်းရှိ စာသင်ကျောင်းများကို မိုးတွင်းကာလအတွင်း ခြင်ကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့သည်။ အဆိုပါ ဆောင်ရွက်ရာသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ ပညာရေးဝန်ထမ်းများ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ **စစ်ကြည်(စလင်း)**


## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုခဉပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၅၂

ဦးတင်စိုး နှင့် ဦးအောင်လေး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ရွာမရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် (၄၇/အေ)၊ ပထမထပ်(ယာ)နေ ဦးအောင်လေး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက(၁၂-၁၁-၂၀၁၃)နှင့်(၃-၁၂-၂၀၁၃)ရက်စွဲပါ နှစ်ဦးသဘောတူ အပျောက်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ပါ ငွေကျပ် ၂၅၀၀၀၀၀၀ (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀(ကျပ်သိန်းငါးဆယ်တိတိ)အပါအဝင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀၀၀ (ကျပ်သိန်းသုံးရာတိတိ)ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေ ပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၄ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စား ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးတင့်)**
**ဒုတိယခရိုင်တရားသူကြီး(၅)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**



## ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ် စုပေါင်းရုံးဆောက်လုပ်ခြင်းလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်မည်ဖြစ်၍ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသော ဒေသခံ/ပြင်ပလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၊ ပုသိမ်မြို့သို့ ဆက်သွယ်ဆောင်ရွက်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** -၂၀-၇-၂၀၁၅ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** -၃-၈-၂၀၁၅ရက်
(ဂ) **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** -ညနေ ၄း၃၀နာရီ
(ဃ) **ဆက်သွယ်ရမည့်ဖုန်း-** ၀၄၂-၂၅၀၆၉၊ ၂၃၉၄၁၊ ၂၅၂၇၇

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပုသိမ်မြို့**



## ဆုမွန်လွှာ

အစ္စလာမ်ဘာသာဝင်တို့၏ ဝါကျွတ်ပွဲတော်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံတော်အကြီးအကဲများအားလုံးနှင့် မြန်မာပြည်သူ ပြည်သားအားလုံးအပေါ် အလ္လာဟ်သျှင်မြတ်၏ ကောင်းချီးမင်္ဂလာကျရောက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**B.E.C International**
**Bright-Star Education**
**Centre (I, II, III)**
**M.D U MYINT SOE**
**Principal Daw Khin Khin Win**
**နှင့်**
**ဆရာ ဆရာမများ၊ ဝန်ထမ်းများ**



**ဖခင်အမည်မှန်**

ပုသိမ်ခရိုင်၊ ကျုံပျော်မြို့(အထက)တက္ကသိုလ်ဝင်တန်း(G)မှ မသီရိကို၏ ဖခင်အမည်မှန်မှာ ဦးမြ ၁၄/ကပန(နိုင်)၀၁၀၈၆၂ ဖြစ်ပါကြောင်း။



**အမည်ပြောင်း**

မြန်အောင်မြို့နယ်၊ ကနောင်မြို့နေ ဦးအောင်ကျော်ထွန်း၏သား အမက အိုးဘို(မူလွန်) ပဉ္စမတန်း A မှ မောင်ဇေယျာမင်းထက်အား ယနေ့မှစ၍ မောင်ဟိဏ်းထွဋ်စံဟု ပြောင်းလဲခေါ်ပါရန်။



## အမည်ပြောင်း

ဦးအောင်ကျော်သူ - ဒေါ်မို့မို့ခိုင်တို့၏သား ပုသိမ်မြို့နယ်၊ ရွှေမြင်တင်ကျေးရွာ၊ အမက(၂၂၂)တတိယတန်းမှ မောင်ရာပြည့်ကျော်သူအား မောင်အောင်စွမ်းရည်ဦးဟု ပြောင်းလဲခေါ်ပါရန်။



## အမည်ပြောင်း

အထက(၂)အင်းစိန်၊ ပဥ္စမတန်း(H)မှ ဦးအောင်စိုး ၁၂/ဗဟန(နိုင်)၀၀၀၁၃၆၏သား မောင်ထွဋ်ဘုန်းထယ်အား မောင်ထွဋ်ဘုန်းလင်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ထွဋ်ဘုန်းလင်း**



## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ ရွှေပြည်သာရပ်ကွက်နေ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မစုမြတ်ခိုင်နှင့် (၃)မိုင် အခြေခံပညာ မူလွန်ကျောင်း စတုတ္ထတန်းမှ မစုမြတ်စံတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် ၁/ဗမန(နိုင်)၀၅၂၆၅၃ ဖြစ်ပါသည်။



## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 6I/6076 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**



## ဝယ်ထားမများ

(၁) လှိုင်သာယာ၊ ပန်းလှိုင်ဂေါက်ကွင်းအနီး၊ ဒိုင်စုကျေးရွာ ကွန်ကရစ်လမ်းနှစ်ဖက်ထောင့်ကွက်လပ် ပေ၆၀ပတ်လည်ဂရန်ကျပြီး တစ်ခွန်းဈေး ၇၆၅ သိန်း၊ ပွဲခ ၁၅သိန်း
(၂) ညောင်ကျေးရွာ၊ ကွန်ကရစ်လမ်းခင်းပြီး မူလတန်းကျောင်း မျက်နှာချင်းဆိုင် (ပေ၈၀×ပေ၆၀)ဂရန်ကျပြီး တစ်ခွန်းဈေး ၁၀၂၅သိန်း၊ ပွဲခ ၂၅သိန်း

**ဖုန်း-၀၉-၄၂၁၀၁၄၉၀၉၊ ၀၉-၉၇၂၄၀၃၈၇၆**

# (၆၈)နှစ်မြောက် အာဇာနည်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုဂါရဝအစီအစဉ်ကို တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်

**နေပြည်တော် ဇူလိုင် ၁၇**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်ပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုမည်ဖြစ်သည်။

ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ကျင်းပမည့် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မြန်မာ့ရုပ်မြင်သံကြား News Channel၊ Entertainment Channel နှင့် မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ နံနက် ၇ နာရီ ၄၅ မိနစ် မှစတင်ပြီး တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် နံနက် ၁၀ နာရီ ၃၆ မိနစ်မှ စတင်ပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား စစ်ခရာဖြင့် အလေးပြုဂါရဝအစီအစဉ်ကို ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး အဆိုတော် မေလှမြိုင်၏"**အလေးပြုပါတယ်**" ဂုဏ်ပြုတေးကိုလည်း ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယို အစီအစဉ်တို့မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# ကသာခရိုင်နှင့် ရွှေဘိုခရိုင်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်

**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ ရက်က မိုးရေချိန် ၅ ဒသမ ၁၆ လက်မ ရွာသွန်းခဲ့ခြင်းကြောင့် စိုက်ပျိုးပြီးလယ်ကွင်းများ ရေလွှမ်းခဲ့ရာ စိုက်ဧကကွင်းပေါင်း ၁၁၃ ကွင်း ရှိပြီး ရေလွှမ်းစိုက်ဧကမှာ ၉၃၂၇ ဧက ဖြစ်သည်။ စပါးကွင်းများ ရေလွှမ်းသော ကျေးရွာအုပ်စု ၂၄ အုပ်စုရှိပြီး ငပွေးလေး အုပ်စု၊ ညောင်ဝန်းအုပ်စု၊ ဝါးရုံခုန်အုပ်စု၊ နတ်ကြီးခုန်အုပ်စု၊ ကြူတောအုပ်စု၊ ဆည်တိုအုပ်စု၊ မြေနီအုပ်စု၊ တောင်မော်အုပ်စု၊ ယွန်းအိုးအုပ်စု၊ ပဒုမ္မာအုပ်စု၊ ညောင်ပင်သာအုပ်စု၊ ကျောက်တန်းအုပ်စု၊ စွယ်ရအုပ်စု၊ ဆင်ကုန်းအုပ်စု၊ မင်းကုန်းအုပ်စု၊ ဖလဲအုပ်စု၊ ဝါးသီးကုန်းအုပ်စု၊ ကျောက်ပြင်သာအုပ်စု၊ သပြေအိုင်အုပ်စု၊ အင်ပင်လှအုပ်စု၊ အင်ပင်သာအုပ်စု၊ တောင်ဘို့လှအုပ်စု၊ ကုက္ကိုကုန်းအုပ်စုတို့ ဖြစ်ကြသည်။ ရေတိုက်စားမှုကြောင့် ကောလင်း-ဥမှင်ကုန်း-ကျောက်ပြင်သာ လမ်းပေါ်ရှိ တံတား ငါးစင်းပျက်စီးခဲ့ပြီး ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက်မှု မရှိစေရေးအတွက် မြို့နယ် စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အမြန်ဆုံးပြုပြင်ဆောင်ရွက်လျက်ရှိသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**





ဇူလိုင် ၁၇ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဆင်မင်းရပ်ကွက် ဆင်မင်းလမ်းတစ်လျှောက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ပြုပြင်ဆဲရေမြောင်းများ ရေမဆင်းနိုင်သဖြင့် လမ်းများပေါ်သို့ ရေများလျှံတက်မှုကြောင့် လူသွားလမ်းနှင့် ကားလမ်းများ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။

(ရွှေတိုင်လွင်)

# ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်

**မုံရွာ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၇ ရက်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ဆပ်ပြာချောင်းရေတိုက်စားမှုကြောင့် မလယ်-ဇီးကုန်း မိုင်တိုင်အမှတ် (၁/၆) ရှိ တံတားအမှတ် (၄/၁) တံတားအရှည် ၁၀ ပေခန့်ရှိ ကွန်ကရစ် အမျိုးအစား တံတားချဉ်းကပ်မြေပြိုကျမှု ဖြစ်ပွားခဲ့သော်လည်း အဆိုပါတံတား ချဉ်းကပ်လမ်း မြေပြိုကျမှုကြောင့် ယာဉ်များ သွားလာမှု ထိခိုက်ခြင်းမရှိဘဲ ဆက်လက်သွားလာလျက်ရှိသည်။

ယမန်နေ့က မိုးများ သည်းထန်စွာ ရွာသွန်းမှုကြောင့် ကန့်ဘလူမြို့နယ် ဇော်ချောင်း ဘူတာနှင့် ကံကြီးဘူတာ အကြား မိုင်တိုင်အမှတ် (၅၂၀/၄) နှင့် (၅၂၀/၂၀) ကြားတွင် မိုးရေ ၁ ပေခန့် မီးရထားသံလမ်းပေါ်တွင် ရေကျော်နေသောကြောင့် မန္တလေးဘက်မှလာသော အမှတ်(၅၅) အဆန်လူစီး အမြန်ရထားနှင့် အမှတ် (၄၅) အဆန်လူစီး ကောလင်းရထားတို့သည် ချပ်သင်း ဘူတာတွင် လည်းကောင်း အမှတ်၃၉ အဆန်လူစီး မိုးညှင်းရထားနှင့် အမှတ် (၄၃) အဆန် ကုန်ရထားတို့သည် ချပ်ကြီးဘူတာတွင်လည်းကောင်း ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁ နာရီက စ၍ ရပ်တန့်ထားရသဖြင့် ချပ်ကြီးဘူတာတွင် ရဲတပ်ကြပ်မြင့်နိုင်နှင့်အဖွဲ့၊ ချပ်သင်းဘူတာတွင် ရဲအုပ်လှိုင်ဝင်းအောင်နှင့် အဖွဲ့တို့က ခရီးသွားပြည်သူများအတွက် လုံခြုံရေးဆောင်ရွက်လျက်ရှိသည်။

အလားတူ ကောလင်း-ကျွန်းလှ-ကန့်ဘလူနတလလမ်း ကောလင်းမြို့နယ်နှင့် ကန့်ဘလူမြို့နယ် အစပ်ရှိ ဒေါင်းမြူးချောင်းတံတားတောင်ဘက် ကန့်ဘလူမြို့နယ်အတွင်း မိုင်တိုင်အမှတ် (၃၄) နှင့် (၃၅) အကြား ကားလမ်းပေါ်တွင် အကျယ် ၁ ဖာလုံခန့် အနက် ၄ ပေခန့် ရေကျော်ခြင်း၊ ကောလင်း-ကျွန်းလှ-ကန့်ဘလူ နတလလမ်း မိုင်တိုင်အမှတ် (၂၄/၃) နှင့် (၄)အကြား ကိုးတောင်ဘို့ကျေးရွာ နှင့် သင်တောကျေးရွာ အကြားရှိ ဇော်ချောင်းတံတား၏ မြောက်ဘက် ကပ်လျက်မြေသားလမ်း၏ အရှေ့ဘက်ခြမ်းတွင် အကျယ် ၁၀ ပေခန့်၊ အရှည် ပေ ၂၀ ခန့် ရေတိုက်စားခဲ့ခြင်း၊ ကောလင်း-ကျွန်းလှ-ကန့်ဘလူ နတလလမ်း မိုင်တိုင် အမှတ်(၄/၂)နှင့်(၃)အကြား ချောင်းခြားကျေးရွာနှင့် ပေကုန်း(တ) ကျေးရွာအကြားရှိ ချောင်းကြားရေမှာ အနက် ၁၃ပေခန့် ရှိသဖြင့် ယာဉ်များ သွားလာ၍ မရကြောင်းနှင့် ဖြစ်စဉ်များဖြစ်ပွားရာသို့ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများသွားရောက်ပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

ကုသရေးဦးစီးဌာန
ပြည်နယ်ကုသရေးဦးစီးဌာန-မွန်ပြည်နယ်
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ်ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများတွင် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၁။ **လျှောက်လွှာပုံစံများရောင်းချမည့်ရက်** - ၁၆-၇-၂၀၁၅ ရက်
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၅ ရက် ညနေ ၄ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။
**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၄၈၃၉**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ၏ပါမစ်အမည် Ministry or Religious Affairs Office No.(31) Naypitaw. Myanmar ပါမစ်အမှတ် ILG 14 15 0 728 05/12/2014 နှင့် သက်တမ်းတိုးထားသော နောက်ဆက်တွဲပါမစ်အမှတ် ILG 14-15 E 0980 3/3/2015 တို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဦးပြည့်သက်ထွန်းဖုန်း-၀၉-၄၂၀၀၈၈၄၉၉**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၄၃၇၇၄၊ Kenbo 110 ယာဉ်လက်ဝယ်ရှိသူဦးမြတ်ဦး ၇/ပမန(နိုင်)၀၄၇၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၂) နဝမတန်း (F) မှ မောင်မျိုးကျော်သူ၊ အမက(၈) စတုတ္ထတန်းမှ မောင်အောင်မျိုးသူနှင့် အမက(၈) ဒုတိယတန်းမှ မဖြူပြာဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင် ၉/မခန(နိုင်)၂၁၁၂၈၃ ဖြစ်ပါသည်။
**ဦးခင်မောင်**

## ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၅၃၆၁ ဟွန်ဒါဝေ့(ဖ်)100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်ဦး ၁၀/မလမ(နိုင်)၁၂၉၈၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဝန်ချတောင်းပန်ခြင်း

ကျွန်မ ချစ်သီရိ(ခ)ဂျူးလီ၊ ပုသိမ်မြို့တွင်နေထိုင်သူသည် မြောင်းမြမြို့၊ (၄)ရပ်ကွက်၊ အိမ်အမှတ်(၃၃၄)၊ ဦးဘချိုလမ်း၊ ၈ လမ်းထိပ်တွင်နေထိုင်သူ ဦးဝင်းနိုင် (ကောင်းဆိုင်ကယ်ရောင်းဝယ်ရေးနှင့် မော်တယ်လုပ်ငန်း)လုပ်ကိုင်သူ၏ဇနီး ဒေါ်ချောစုခိုင်(ကောင်းဖုန်းရောင်းဝယ်ရေးလုပ်ငန်း)အား ဂုဏ်သိက္ခာထိခိုက်စေသော ပြောဆိုမှုများနှင့် အင်တာနက်စာမျက်နှာပေါ်တွင် လုပ်ကြံဖန်တီး၍ ဓာတ်ပုံများတင်ခြင်း၊ စာသားများရေးသားခြင်းတို့အား ပြုမူလုပ်ဆောင်ခဲ့သည်။ ထိုကဲ့သို့ လုပ်ဆောင်မှုများကြောင့် ဦးဝင်းနိုင်နှင့်ဇနီး ဒေါ်ချောစုခိုင်တို့အား စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူ့ဂုဏ်သိက္ခာများစွာထိခိုက်နစ်နာခဲ့ပါသည်။ သို့ပါ၍ ကျွန်မအနေနှင့် ဦးဝင်းနိုင်နှင့် ဒေါ်ချောစုခိုင်တို့အား လူကိုယ်တိုင် သွားရောက်တောင်းပန်ခြင်း၊ အင်တာနက်စာမျက်နှာပေါ်တွင် ရေးသားတောင်းပန်ခြင်း၊ သတင်းစာတွင် တောင်းပန်လွှာထည့်သွင်းတောင်းပန်ခြင်းတို့အား ဦးဝင်းနိုင်နှင့် ဒေါ်ချောစုခိုင်တို့မှ သဘောထား ကြီးစွာဖြင့် သည်းခံခွင့်လွှတ်မှုအား အထူးပင်ကျေးဇူးတင်ခြင်းနှင့်အတူ နောက်နောင်တွင် ဦးဝင်းနိုင်နှင့်ဒေါ်ချောစုခိုင်မိသားစုအား လူ့ဂုဏ်သိက္ခာနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ စော်ကားပြောဆိုမှုများအား မည်သည့်အခါမှ ပြုလုပ်ဆောင်ရွက်ခြင်းမပြုပါဟု ထပ်မံကတိပြု တောင်းပန် အပ်ပါသည်။
**ဝန်ချတောင်းပန်သူ**
**ချစ်သီရိ(ခ)ဂျူးလီ**
**ပုသိမ်မြို့**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၂၅)နေ ကိုစိုင်းအောင်မင်းဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်ပြည်မြို့နေ (ဦးအောင်သန့်)-ဒေါ်သဲ့တင်တို့၏သမီး မကြူကြူသည် ၁၈-၄-၂၀၁၅ရက်တွင် မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေ ကိုစိုင်းအောင်မင်းဇော် ၁၂/လမန(နိုင်)၁၃၃၄၇၆နှင့် မကြူကြူ ၇/ပတန(နိုင်)၁၀၃၄၉၇တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ၁၂-၇-၂၀၁၅ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးပြီဖြစ်၍ နောက်နောင်တွင် ကိုစိုင်းအောင်မင်းဇော်၏ ပိုင်ဆိုင်မှုများကို တောင်းဆိုပိုင်ခွင့်၊ ရပိုင်ခွင့်မရှိကြောင်း မကြူကြူနှင့်ပတ်သက်သည့်ကိစ္စအဝဝကို ကိုစိုင်းအောင်မင်းဇော်မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဌေးဌေးဝင်း (LL.B), (D.B.L) (B.A.S)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၃၉၃)**
**အမှတ်(၅၀)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၀၁၇၅၄၀**

**အမည်ပြောင်း**

ဦးမျိုးအောင်၏သမီး အထက(၂)လမ်းမတော်၊ နဝမတန်း(က)မှ မအေးပုံပုံ(ခ)မအေးသန့်စင်အား မအေးသန့်စင်ဟု ပြောင်းလဲခေါ်ပါရန်။
**မအေးသန့်စင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်အရည်အသွေးတိုင်းတာရေးစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

1. Laboratory Water Quality Checker(LAQUIA TWIN SERIES)
2. Laboratory Water Quality Checker(Bench Top type Lab:PH meter)
3. Oil Content Analyzer
4. Portable Multi Parameter Water Monitor
5. Portable Automotive Emission Analyzer
6. Portable Gas Analyzer

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၅ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်/အချိန်** - ၁၇-၈-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
၄။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်/အချိန်** - ၁၇-၈-၂၀၁၅ ရက်၊ ၁၆း၃၀ နာရီ
၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၈-၈-၂၀၁၅ ရက်/၁၀း၃၀နာရီ
၆။ **တင်ဒါဖွင့်မည့်နေရာ** - ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မွန်ပြည်နယ်
၇။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မွန်ပြည်နယ်ရုံး၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့၊ ဖုန်း-၀၅၇-၂၃၃၉၈ အား စုံစမ်းမေးမြန်းနိုင်ပါသည်။

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဘားအံ၊တက္ကသိုလ် စတုတ္ထနှစ်သမိုင်းအထူးပြု ၄-သ-၁၈ ဖြင့် တက်ရောက်နေသော နော်ခင်သဇင်ဝင်းနှင့် မိခင်သဇင်ဝင်း ၃/ကကရ(နိုင်)၁၅၇၃၉၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **နော်ခင်သဇင်ဝင်း(ခ)မိခင်သဇင်ဝင်း ၃/ကကရ(နိုင်)၁၅၇၃၉၅**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်မဲမြို့၊မိုင်းလုံမြို့နယ်ခွဲ၊မင်းကုန်းကျေးရွာအုပ်စု၊ တော်လေးကျေးရွာနေ ဦးစိန္တာ၏သား ဦးအိုက်(ခ)စံဖေနှင့် ဦးအိုက်စိုင်း ၁၃/ကမန(နိုင်)၀၆၉၄၅၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအိုက်စိုင်း(ခ)စံဖေ**

## အမည်ပြောင်း

ဦးစိုင်းအောင်ပြည့်၏သား ကျောက်မဲမြို့နယ်၊ မိုင်းလုံမြို့နယ်ခွဲ၊ အထက မိုင်းလုံ ဒုတိယတန်းတွင် ပညာသင်ကြားနေသော စိုင်းကိုကိုသန့်အား စိုင်းကောင်းခန့်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**စိုင်းကောင်းခန့်အောင်**

# အားကစားအဆင့်အတန်းတိုးတက်မြင့်မားရေး အမျိုးသားရေးအသိဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစို့

ကိုဌေး(ကနောင်)

တိုးတက်သောနိုင်ငံတိုင်းက မိမိတို့နိုင်ငံရဲ့ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းဆိုတာ **"ခုရေတွင်းတူး.... ခုရေကြည်သောက်"**ဆိုသလို အချိန်တိုကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်၍ ရနိုင်တဲ့လုပ်ငန်းကိစ္စရပ်မျိုးတော့ မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးဆောင်ရွက်ရာမှာ လူသားအရင်းအမြစ်၊ ခနငွေကြေး၊ နည်းပညာတို့ကိုပေါင်းစပ်ကာ အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း ရင်းနှီးမြှုပ်နှံ၍ဆောင်ရွက်ရခြင်းကြောင့် ဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှာလည်း ခိုင်မာသည့်ရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ကြဖို့ လိုအပ်သလို လတ်တလော အောင်မြင်မှုများအတွက်လည်း ရေတိုစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရစမြဲဖြစ်ပါတယ်။ အားကစားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်နေဖို့ လိုအပ်သလို ရေတိုစီမံဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့ လိုအပ်ပါတယ်။ **ရေရှည်စီမံဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များနဲ့ ရေတိုစီမံဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် အချိတ်အဆက်မိမိ ဆက်စပ်ဆောင်ရွက်နိုင်မှု ရှိ၊ မရှိ အပေါ်မှာတည်မှီ၍ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများဟာလည်း အတက်အကျ ဖြစ်ပေါ်နေမှာသာ ဖြစ်ပါတယ်။**

အမျိုးသားအားကစားအဆင့် တိုးတက်မြင့်မားစေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် မူဝါဒ(၄)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိတာကို တွေ့မြင်နေရပါတယ်။ အဆိုပါ မူဝါဒ(၄)ရပ်မှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစားလှုပ်ရှားမှုများကို တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတိုင်းအတာနဲ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်လာစေဖို့ စည်းရုံးဆောင်ရွက်ရေး (Mass Sports)၊ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးအတွက် ထူးချွန်ထက်မြက်တဲ့ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ မွေးထုတ်ပေးရေး **(Excellent Sports)**၊ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အဆင့်မြင့်မားစွာ ပါဝင်ယှဉ်ပြိုင်ရေးနဲ့ အရှေ့တောင်အာရှမှသည် အာရှ၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ တက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ ဖြစ်ပါတယ်။ အားကစားရဲ့ အဓိပ္ပာယ်ကို **"အင်အားနှင့် ဉာဏ်ရည်ကို အသုံးချပြီး လှုပ်ရှားယှဉ်ပြိုင်မှု" " Sports means is Games or Competitions involving Physical and Mental Activity"**လို့ သတ်မှတ်ထားပါတယ်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ဖို့ဆိုရင် နိုင်ငံသားတိုင်း လူကြီး၊ လူရွယ်၊ လူငယ်၊ လူလတ်၊ မိန်းမ၊ ယောကျ်ားမရွေး ကိုယ်လက်လှုပ်ရှားမှုအားကစားကို နေ့စဉ်မဖြစ်မနေပြုလုပ်ကြဖို့ လိုအပ်ပါတယ်။

ဘာကြောင့်လဲဆိုရင် ကိုယ်လက်လှုပ်ရှားအားကစားလှုပ်ရှားမှု နေ့စဉ်ပြုလုပ်ခြင်းကြောင့် ရရှိလာနိုင်တဲ့ အကျိုးကျေးဇူးတွေကြောင့် ဖြစ်ပါတယ်။

ဒီအကျိုးကျေးဇူးတွေကတော့-

(၁) ကျန်းမာခြင်းသုခ မုချခံစားရခြင်း၊
(၂) မိသားစုကျန်းမာပျော်ရွှင်စေခြင်း၊
(၃) လူငယ်/ မောင်မယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေခြင်း၊
(၄) နာမကျန်းဖြစ်၍ ဆေးဝါးကုသခြင်းမှ ကင်းဝေးစေခြင်း၊
(၅) လုပ်ငန်းခွင်၌ လုပ်အားစွမ်းပကားဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်စေခြင်း။



စတဲ့အကျိုးကျေးဇူးတွေကို မလွဲမသွေရရှိစေမှာ ဖြစ်ပါတယ်။

ကျန်းမာကြံ့ခိုင်သောလူမျိုး၊ ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြင့် တည်ဆောက်ထားသော မည်သည့်နိုင်ငံမဆို နိုင်ငံ၏ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်၍လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးနှင့် နိုင်ငံ၏ဂုဏ်သိက္ခာကို မြှင့်တင်နိုင်ရေးအတွက် တစ်မျိုးသားလုံးအားကစားလှုပ်ရှားမှုများကို **"လူထုအားကစားလှုပ်ရှားမှု"** အသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ဖို့ စည်းရုံးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ **"လူထုအားကစား"** ဆိုတာကတော့ အလွယ်ဆုံး၊ အရှင်းဆုံးပြောရရင်တော့ **"ငွေကုန်ကြေးကျနည်းပြီး လူကြီး၊ လူငယ်၊ ကျား/မ မရွေး အားကစားကွင်း၊ အားကစားခန်းမ၊ အားကစားအထောက်အကူပစ္စည်းမလိုအပ်ဘဲ လွယ်လင့်တကူ အများစုပေါင်းလေ့ကျင့်နိုင်တဲ့ ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်မှု"** တစ်ခုပဲဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း ၁၉၆၄ ခုနှစ်မှ စတင်၍ ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် နိုင်ငံတော်မှ တရားဝင်သတ်မှတ်ခဲ့လို့ တစ်နိုင်ငံလုံး အားကစားလှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှားဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားခဲ့တဲ့အပြင် မြန်မာ့အားကစားအဆင့်အတန်းဟာလည်း တဖြည်းဖြည်းနိမ့်ကျလာတာကို တွေ့မြင်သိရှိခဲ့တဲ့အတွက် အားကစားဝန်ကြီးဌာနအနေနဲ့ ၁၉၉၈-၁၉၉၉ ခုနှစ်မှ စတင်ပြီး ယခင်ကကျင်းပခဲ့တဲ့ နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် ပြန်လည်အသက်သွင်းပြီး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အပတ်စဉ်စနေနေ့တိုင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ကျေးလက်ဒေသပါမကျန် မြို့နယ်၊ ခရိုင်နဲ့ပြည်နယ်၊ တိုင်းဒေသရှိတိုင်း မြို့ကြီးအသီးသီးမှာ လူထုစုပေါင်းလမ်းလျှောက်ပွဲတွေ၊ အားကစားပြိုင်ပွဲတွေကို တပျော်တပါးဆင်နွဲနိုင်အောင် စည်းရုံးဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ခြင်းရဲ့ အကျိုးကျေးဇူးတွေကို သိမြင်ပြီး တပျော်တပါး ဝိုင်းဝန်းပူးပေါင်းဆင်နွဲလာတာကြောင့် တစ်တိုင်းပြည်လုံးအတိုင်းအတာနဲ့ နှစ်စဉ်လူထုအားကစားလှုပ်ရှားဆောင်ရွက်မှု ရာခိုင်နှုန်းဟာ တစ်နှစ်ထက်တစ်နှစ် သိသိသာသာမြင့်မားတိုးတက်လာခဲ့ပြီး ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုမှာ တစ်နိုင်ငံလုံးလူဦးရေရဲ့ ၁၃ ဒသမ ၈၄ ရာခိုင်နှုန်းအထိ ပါဝင်ဆင်နွဲလာခဲ့ကြောင်း မှတ်တမ်းများအရ သိရှိခဲ့ရပါတယ်။ **နှစ်စဉ် လူထုအားကစားလှုပ်ရှားမှုများ သိသိသာသာတိုးတက်လာခြင်းဟာ တစ်နည်းအားဖြင့် ပြည်သူအများအနေနဲ့ ကျန်းမာခြင်းရဲ့ အကျိုးကျေးဇူးတွေကို ပိုမိုသိမြင်လာပြီး ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းဖြစ်တယ်ဆိုတာ သက်သေပါပဲ။** လူထုအားကစားလှုပ်ရှားမှုတွေ၊ အားကစားပြိုင်ပွဲတွေမှာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ **ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်ဆောင်ရွက်မှု ရာခိုင်နှုန်းမြင့်မားလာတာနဲ့အမျှ အားကစားဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနဲ့ မျိုးဆက်သစ်လူငယ်များပေါ်ထွက်ရေးလုပ်ငန်းများကို တိုက်ရိုက်အထောက်အကူပြု အကောင်အထည်ဖော်ပြီးသား ဖြစ်သွားမှာ ဖြစ်ပါတယ်။**

ဒါ့အပြင် အမျိုးသားအားကစားအဆင့်အတန်း တိုးတက်ရေးမြင့်မားရေးအတွက် လူထုအားကစားလှုပ်ရှားမှုတွေ ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာအောင် မဖြစ်မနေ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကတော့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့အသီးသီးရဲ့ ဦးဆောင်မှုနဲ့ ရပ်ကွက်၊ ကျေးရွာပေါင်းစုံအားကစားပြိုင်ပွဲတွေ၊ မြို့နယ်ပေါင်းစုံအားကစားပြိုင်ပွဲတွေ၊ ခရိုင်ပေါင်းစုံအားကစားပြိုင်ပွဲတွေ ယခင်ကလို ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ကြဖို့ မလွဲမသွေလိုအပ်ပါတယ်။ ယခင်က တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်အားကစားပြိုင်ပွဲတွေကို ပြည်သူတစ်ရပ်လုံး တစ်ခဲနက်အားပေးကြတာက ပြိုင်ပွဲအဆင့်အတန်းမြင့်မားတာကြောင့် ဖြစ်ပါတယ်။ ပြိုင်ပွဲအဆင့်အတန်းမြင့်မားဖို့ကလည်း အခြေခံပြိုင်ပွဲတွေဖြစ်တဲ့ ရပ်ကွက်၊ ကျေးရွာပေါင်းစုံ အားကစားပြိုင်ပွဲတွေကအစ ကျင်းပပြီး မြို့နယ်ပေါင်းစုံ၊ ခရိုင်ပေါင်းစုံပြိုင်ပွဲတွေ ကျင်းပပြီး အမှန်တကယ် အရည်အချင်းပြည့်ဝတဲ့သူတွေကိုပဲ တိုင်းဒေသကြီး၊ ပြည်နယ်လက်ရွေးစင်အဖြစ် စုစည်းရွေးချယ်လေ့ကျင့်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားကစားပြိုင်ပွဲတွေကို ဝင်ရောက်ယှဉ်ပြိုင်ကြတာကြောင့်လည်း ပြိုင်ပွဲအဆင့်အတန်းမြင့်မားပြီး ပြိုင်ပွဲတိုင်းကို ပရိသတ်က နှစ်ခြိုက်စွာအားပေးကြတာဖြစ်ပါတယ်။ **ဒါကြောင့် ဒီပြိုင်ပွဲတွေ ပြန်လည်ဖြစ်ထွန်းပေါ်ပေါက်လာအောင် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ဦးဆောင်မှုနဲ့အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နဲ့ အားကစားဝါသနာရှင်များ၊ ပြည်သူများက အမျိုးသားရေးအသိနဲ့ ဝိုင်းဝန်းဆောင်ရွက်ကြဖို့ မဖြစ်မနေလိုအပ်နေပြီဖြစ်ပါတယ်။**

အလားတူ အခြေခံပညာကျောင်းများမှာ နေ့စဉ်အားကစားလေ့ကျင့်ချိန် (P.T)ချိန်သတ်မှတ်ပြီး ကြိုက်နှစ်သက်ရာ အားကစားနည်းတစ်ခုခုကို ကစားစေခြင်း၊ ကျောင်းတွင်းအားကစားပြိုင်ပွဲတွေ ကျင်းပပေးပြီး အားကစားနည်းအလိုက် ကျောင်းလက်ရွေးစင်ရွေးချယ်ခြင်း၊ အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲများကျင်းပပေးခြင်း၊ တက္ကသိုလ်၊ ကောလိပ်များတွင် ကျောင်းတွင်းအားကစားပြိုင်ပွဲများ ကျင်းပပြီး တက္ကသိုလ်၊ ကောလိပ်လက်ရွေးစင်ရွေးချယ်ခြင်း၊ တက္ကသိုလ်၊ ကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ပြန်လည်အသက်ဝင်လာအောင်လည်း ပညာရေးဝန်ကြီးဌာနနဲ့ အားကစားနဲ့ ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီအနေနဲ့ ပြန်လည်ဆောင်ရွက်ဖို့လိုအပ်နေပြီဖြစ်ပါတယ်။ **ဒီဆောင်ရွက်ချက်တွေ အားနည်းနေခြင်းရဲ့ ရလဒ်ကတော့ ၂၀၁၄ ခုနှစ် အာဆီယံတက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွေမှာ မြန်မာနိုင်ငံကိုယ်စားပြုအားကစားအဖွဲ့များရဲ့အောင်မြင်မှု အဆင့်နိမ့်ကျနေတာက သက်သေပါပဲ။**

**အမျိုးသားအားကစား အဆင့်အတန်းမြင့်မားတိုးတက်ရေးလုပ်ငန်းများဟာ များပြားကျယ်ပြန့်လှတာကြောင့် အားကစားဝန်ကြီးဌာန တစ်ခုတည်းကသာ တာဝန်ယူဆောင်ရွက်လို့ရနိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘဲ** နိုင်ငံတော်အစိုးရရဲ့ ဦးဆောင်ညွှန်ကြားမှုနဲ့အတူ ပြည်ထောင်စုဝန်ကြီးဌာနအားလုံး၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအားလုံး၊ ဒေသဆိုင်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့အစည်းအဆင့်ဆင့်၊ အားကစားဆိုင်ရာ အဖွဲ့အစည်းအဆင့်အဆင့်နဲ့အတူ အားကစားဝါသနာရှင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များအပါအဝင် ပြည်သူတစ်ရပ်လုံး အမျိုးသားရေးစိတ်နှင့်အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်လာမှသာ အချိန်ကာလအတိုင်းအတာတစ်ခုအတွင်းမှာ အောင်မြင်မှုရရှိလာနိုင်မှာဖြစ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## ရေစကြိုမြို့နယ်၌ ရဟန္တာရုပ်တုတော် ၁၄၅ ပါး ထုလုပ်ပူဇော်

**ရေစကြို ဇူလိုင် ၁၇**

ရေစကြိုမြို့နယ် သျှင်ပင်ရွှေလဝန်းဘုရား မဟာရံအုတ်တံတိုင်းလေးဘက်လေးတန်၌ ဒုတိယအကြိမ်မြောက် တည်ထားကိုးကွယ်မည့် ရဟန္တာရုပ်တုတော် ၁၄၅ ပါးကို ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီက ရေစကြိုမြို့အတွင်း အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် မြို့အတွင်း လှည့်လည်ပူဇော်ခံခြင်းကို စည်ကားစွာ ကျင်းပခဲ့ကြသည်။

အဆိုပါ ရဟန္တာမြတ် ၁၄၅ ပါးမှာ ပညာဉာဏ်အရာ ဧတဒဂ်ဘွဲ့ရတော်မူသောလကျ်ာတော်ရံ (အဂ္ဂသာဝက) ရဟန္တာမထေရ်မြတ်အပါး ၄၀၊ တန်ခိုးတော်အရာ ဧတဒဂ်ဘွဲ့ရတော်မူသော လက်ဝဲတော်ရံ (အဂ္ဂသာဝက) ရဟန္တာမထေရ်မြတ်အပါး ၄၀၊ ပညာဉာဏ်အရာ၊ တန်ခိုးတော်အရာ၊ လာဘ်လာဘအရာ၊ သဒ္ဓါအရာ၊ သိက္ခာအရာ၊ ဓုတင်အရာ၊ အမျိုးမြတ်ခြင်းအရာ၊ ဝိနည်းအရာ၊ ဓမ္မကထိကအရာ စသည်တို့နှင့် ဧတဒဂ်ဘွဲ့ရတော်မူသော အဂ္ဂသာဝက၊ မဟာသာဝက၊ အဂ္ဂသာဝိကာ ရဟန္တာမထေရ်မြတ် ၅၂ ပါး၊ ပညာဉာဏ်အရာ၊ တန်ခိုးတော်အရာ၊ လာဘ်လာဘအရာ၊ သဒ္ဓါအရာ၊ သိက္ခာအရာ၊ လုံ့လဝီရိယကြီးခြင်းအရာ စသည်များနှင့် ဧတဒဂ်ဘွဲ့ရတော်မူသော မဟာသာဝိကာ ရဟန္တာထေရ်ရီ ၁၃ ပါး စုစုပေါင်း ဧတဒဂ်ဘွဲ့ရ ရဟန္တာမြတ် ၁၄၅ ပါးဖြစ်သည်ဟု သိရသည်။

**အိမ္ပွန်ဆွေ(ရေစကြို)**



**စမ်းချောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်လွင်ဦးခေါင်းဆောင်သော ကြည့်မြင်တိုင်၊ အလုံ၊ စမ်းချောင်းမြို့နယ်တို့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ရေပြင်အသက်ကယ်ခြင်း၊ ရေတွင်းအတွင်းမှလူအား အသက်ကယ်ခြင်း၊ အရေးပေါ်တဲထိုးခြင်းနှင့် အခြားသော သဘာဝဘေးအန္တရာယ်တို့မှ ကာကွယ်နိုင်ရေး ကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းကို ဇူလိုင် ၁၂ ရက်က စမ်းချောင်းမြို့နယ် မီးသတ်စခန်းဝင်းအတွင်း၌ သရုပ်ပြလေ့ကျင့်နေစဉ်။** ကိုကြီးတင်

# နောင်ကွဲကျေးလက်ပြည်သူများ၏ မင်္ဂလာအပေါင်းခညောင်းသည့်နေ့တစ်နေ့



အရှေ့ဘက်တောင်ပြာတန်းဆီမှ နေခြည်နုများ ထွက်ပေါ်မလာမီ နံနက်ဝေလီဝေလင်း အချိန်ကပင် ဒေသခံတိုင်းရင်းသားများ၏ ရင်တွင်းဝယ် မဖော်ပြနိုင်သည့် ခံစားမှုများကြောင့်အိပ်ရာမှ စောစီးစွာနိုးထကြသည်။

အဘယ်ကြောင့်ဆိုသော် ဤနေ့သည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအုပ်စု နောင်ကွဲကျေးလက်ဒေသ၏အောင်ပွဲပင် ဖြစ်ပါသည်။ အနှစ်နှစ်အလလက ဒေသခံတိုင်းရင်းသားပြည်သူတို့ မျှော်လင့်စောင့်စားခဲ့ရသည့် အခါသမယမှာ ယခုကျရောက်ခဲ့ချေပြီ။ အဘယ်သူလျှင် မမော်မပျော်နိုင်ဘဲရှိအံ့နည်း။

ထို့ကြောင့်လည်း ညဥ့်အိပ်ရာဝင်စဥ်ကပင် အတွေးနယ်ချဲ့ရင်း အိပ်ပျော်ခဲ့သည်မဟုတ်ပါ။ မေးတစ်ခါ တွေးတစ်လှည့်ဖြင့် ခံစားပီတိပွားကာ အိပ်ရာမှထခဲ့ခြင်းဖြစ်သည်။

နောင်မွန်ကျေးရွာ အုပ်စုသည် ဟိုးယခင်အချိန်ကတည်းက တစ်စတစ်စဖြင့် တိုးတက်ပြောင်းလဲနေသော်လည်း ယင်းကျေးရွာအုပ်စုဝင်ဖြစ်သည့် နောင်ကွဲကျေးရွာသည်ကား ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လွန်းလှသည်။ ရွာဦးဘုန်းတော်ကြီးကျောင်း၊ မူလတန်းကျောင်း၊ မူကြိုကျောင်း၊ ပြန်/ဆက်ဦးစီးဌာနနှင့် ကျေးရွာသားများ ပူးပေါင်းဆောက်လုပ်ထားသည့် ခေတ်မီစာကြည့်တိုက်လည်း ကျေးရွာ၏ပြယုဂ်ကို ဖော်ကျူးလျက်ရှိသည်။

နောင်ကွဲဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး မြန်မာလိုပြန်ဆိုသော် ကျွဲအင်းရွာဟု အဓိပ္ပာယ်ရသည်။ လူနေအိမ်ခြေ ၂၅၀ ကျော်နှင့် လူဦးရေ ၁၆၀၀ ခန့်ရှိသည်။

ဒေသခံများအနေဖြင့် တောင်ယာစပါးနှင့်ပြောင်းဖူးသီးနှံတို့ကို အများဆုံးစိုက်ပျိုးကာ နယ်စပ်ဒေသသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်သည်။ ဟိုးယခင်ကာလများက လမ်းပန်းဆက်သွယ်မှုမကောင်းခဲ့၍ နယ်စပ်ဒေသတရုတ်နိုင်ငံသို့ အချိန်ကြာမှရောက်ခဲ့သော်လည်း ယခုအခါ၌မူ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခဲ့သဖြင့် နေ့ချင်းပေါက်ခရီးရောက်ခဲ့ပြီ။

သီးနှံစိုက်ပျိုးရေး လုပ်ငန်းတွင် အဓိကအချက်မှာ ရေရရှိရေးပင်ဖြစ်သည်။ နောင်ကွဲဒေသခံပြည်သူများအနေဖြင့် ရေရှိရေးတွင် နောင်ကွဲသဘာဝရေကန်ကြီးမှ ရေကိုသောက်ရေအဖြစ် အသုံးပြုနိုင်သလို စိုက်ပျိုးရေးလုပ်ငန်းတွင်လည်း ယင်းကန်ကြီးမှရေက အထောက်အကူပြုခဲ့သည်။ ထို့ကြောင့် နောင်ကွဲကျေးလက်နေ ပြည်သူများအနေဖြင့် သွားလမ်းသာ၍ လာလမ်းဖြောင့်သည့်အပြင် စိုက်ပျိုးရေးလုပ်ငန်းမှာလည်း တံခွန်ထူနိုင်ခဲ့ပြီ။

မန္တလေး၊ လားရှိုး၊ မူဆယ်သွားကုန်တင် မော်တော်ယာဉ်ကြီးများနှင့်ခရီးသည်တင် မော်တော်ယာဉ်ကြီး၊ ယာဉ်ငယ်များမှာလည်း နေ့လယ်ထမင်းစားချိန်၌ နောင်ကွဲကျေးရွာသို့ရောက်ရှိချိန်ဖြစ်ရာ နာမည်ကျော် ရှမ်းရိုးရာထမင်းဆိုင်များတွင် ထမင်းစားသောက်ပြီး နောင်ကွဲရေကန်ကြီးမှ သဘာဝစမ်းရေကို တစ်ဝကြီးချိုးနိုင်သဖြင့် ခရီးသွားမော်တော်ယာဉ်များ စခန်းတစ်ထောက်ကွန်းခိုရာ နာမည်ကြီးဒေသတစ်ခုဖြစ်သည်။

နောင်ကွဲကျေးရွာမှ လားရှိုးမြို့သို့အထွက် အရိပ်အာဝါသကောင်းပြီး ရေအလျှံပယ်ထွက်ရာ စခန်း၌ ထမင်းဆိုင်ဖွင့်ထားသည့် အောင်ခိုင်မိုးစားသောက်ပိုင်ရှင် ဦးတင်ထွတ်က "ကျွန်တော့်တို့ရွာမှာ ငွေမလို၊ ရေမလို၊ မီးပဲလိုတယ်ဗျ"ဟု အရွှန်းဖောက်ပြောခဲ့သည့်စကားကို အမှတ်ရမိသည်။

မှန်ပါသည်။ ယနေ့နောင်ကွဲရွာသည်ငွေ၊ ရေ၊ မီးမှ အစစပြည့်စုံနေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၁၅ ခုနှစ်ဇူလိုင် ၁၄ ရက်နံနက်သည် လားရှိုးနှင့်သီပေါမြို့နယ်ကြားရှိ နောင်ကွဲကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကျင်းပသည့် နေ့ဖြစ်သည်။

အခမ်းအနားသို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေ၊ ရှမ်းပြည်နယ်လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းကြူ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာနှင့် ၁၃ ရွာမှ ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ပြည်နယ် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ပြည်နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးတို့က ဖဲကြိုးဖြတ်၍လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက စက်ခလုတ်နှိပ်၍လည်းကောင်း လျှပ်စစ်မီးကို ဖွင့်လှစ်ပေးခဲ့ကြသည်။

သို့ဖြစ်ရာ ဤနေ့သည် နောင်ကွဲကျေးရွာ ကျေးလက်နေပြည်သူများအတွက် အောင်ပွဲခံသည့် နေ့တစ်နေ့ဖြစ်သည့်အပြင် မင်္ဂလာအပေါင်းခညောင်းသည့် နေ့တစ်နေ့ဟုဆိုလျှင်လည်း ဆိုရလောက်အောင် ငွေ၊ ရေ၊ မီးမှအစ ပြည့်စုံနေပြီ ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**စိုင်းသာလှိုင်(လီမွှော်မြေ)**
**ဓာတ်ပုံ-စိုင်း(သီပေါ)**

## အသိပညာပေးဟောပြောပွဲနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအားဂုဏ်ပြု

**နမ့်ခမ်း ဇူလိုင် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို မြို့နယ်ခန်းမ၌ ဇူလိုင် ၁၅ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးမင်းသန့်က မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ယင်းနောက် ဇွန် ၃၀ ရက်က နမ့်ခမ်းမြို့ အမှတ်(၁) ရပ်ကွက် မန့်ခမ်းလမ်းဘေးဆီဆိုင်မီးလောင်မှုတွင် အန္တရာယ်ကိုဂရုမထားဘဲ စွမ်းစွမ်းတမံ ဝိုင်းဝန်းပါဝင်ကြိုးပမ်း မီးငြိမ်းသတ်ခဲ့ကြသော ရပ်ကွက်ပေါင်း(၁၄) ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နယ်မြေခံတပ်မှ တပ်မမှူး ဗိုလ်မှူးချုပ်သက်ထွန်းဦးနှင့် တာဝန်ရှိသူများက တစ်ရပ်ကွက်ချင်းစီအလိုက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်များ ပေးအပ်ခဲ့သည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ပြီး တပ်မမှူးက မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက်တွင် ဇူလိုင် ၁၅ ရက်က ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် အဘိတ်ဆေးခပ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဥ်။

ကျော်စိုးမိုး

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ဗိုလ်စားပဲစိုက်ပျိုးသူတောင်သူဦးကြီးများ ဈေးကောင်းရ

**နောင်ချို ဇူလိုင် ၁၇**

ယခုနှစ်စိုက်ပျိုးရာသီ နောင်ချိုမြို့နယ် ကျေးရွာအုပ်စုများဖြစ်သည့် မျက်ချင်းနူ၊ နောင်ဩ၊ သရက်ကုန်း၊ ညောင်ပင်သာ၊ ကံကြီးကျေးရွာတို့မှ တောင်သူများသည် တိုင်ထောင်ဗိုလ်စားပဲစိုက်ပျိုးကြရာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ အထိ ရောင်းချရသောကြောင့် ဝင်ငွေတိုးကာ ဝမ်းသာနေကြောင်း သိရသည်။

ဗိုလ်စားပဲ စိုက်ပျိုးသူတစ်ဦးနှင့် တွေ့ဆုံရာတွင် ဗိုလ်စားပဲသီး တစ်ပိဿာ ငွေကျပ် ၁၀၀၀ ဖြင့် စိုက်ခင်းထဲအရောက် လာရောက်ဝယ်ယူကြကြောင်း၊ ယမန်နှစ်က ဗိုလ်စားပဲအထွက်ကောင်းပြီး ဈေးမရကြောင်း၊ ဗိုလ်စားပဲတစ်ဧကစိုက်ပျိုးစရိတ်ငွေကျပ် ၁၀၀၀၀၀ ကုန်ကျလျှင် သုံးသိန်းပြန်ရကြောင်း၊ နောင်နှစ်များတွင် ယခုလိုဈေးကောင်းရလျှင် တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**စိုးဝင်း(နောင်ချို)**



## ရေတံခွန်များတွင် ရေများနေချိန်အတွင်း ဂရုစိုက်လည်ပတ်ရန်လိုအပ်

တသွင်သွင် စီးကျနေသော စိမ့်စမ်းရေတံခွန် အသွယ်သွယ်နှင့် ရေပြင်ကျယ်ကျယ်တို့ကို မြင်တွေ့ရလျှင် မြူးထူးပျော်ပါးဆော့ကစားလိုသော စိတ်ဆန္ဒတို့ လူတိုင်းနီးပါးတွင်ရှိနေကြသော်လည်း ကျရောက်လာနိုင်သည့် အန္တရာယ်တို့ကို ကြိုတင်တွေးတော သတိထားဆင်ခြင်သင့်လှသည်။ ယခုကဲ့သို့ မိုးရာသီအချိန် ကာလများတွင် ရေတံခွန်များ၊ အင်း၊ အိုင်များ၌ သာမန်အချိန်ထက်ပိုမို၍ ရေများလေ့ရှိနေသဖြင့် အထူးဂရုစိုက်သွားလာလည်ပတ်သင့်ပေသည်။

ပြင်ဦးလွင်မြို့သည် စိမ့်စမ်းရေတံခွန်များ ပေါများစွာရှိနေပြီး တစ်နှစ်ပတ်လုံး လာရောက်လည်ပတ်သူ မပြတ်လပ်ဘဲ ရောက်လာသူ အားလုံးနီးပါးတို့မှာလည်း ရေတံခွန်အတွင်းသို့ဆင်း၍ ရေကစားရင်းပျော်ပါးကြကြောင်း သိရသည်။

သို့သော်လည်း တစ်ခါတစ်ရံမှ လာရောက်လည်ပတ်ကြသော ဧည့်သည်များဖြစ်နေသဖြင့် ရေတံခွန်၏ ရေအတိမ်အနက် ရေစီးအား အန္တရာယ် ဖြစ်ပေါ်စေနိုင်သည့်နေရာတို့ကို သိရှိသူနည်းပါးလှသည်။

ရေထဲဆင်း ရေချိုးကစားကြသူများအထဲတွင် ကျွမ်းကျင်ကောင်းမွန်စွာ ရေကူးတတ်သူများပါလာနိုင်သကဲ့သို့ ရေလုံးဝမကူးတတ်ကြသူများလည်း အများအပြားပါဝင်လာနိုင်ပေသည်။ ရေမြင်လျှင် ပျော်ရွှင်တတ်သည့် လူ့သဘာဝအတိုင်း ရေမကူးတတ်သူများပင် အထောက်အကူပြုဘောများ၊ မိတ်ဆွေညီအစ်ကိုမောင်နှမ၊ သူငယ်ချင်းများ အားကိုးဖြင့် ရေထဲဆင်းပျော်ပါးဆော့ကစားနေကြသည်ကို မြင်တွေ့နေရသည်။

ရေတံခွန်တွင် တာဝန်ရှိသူများအနေဖြင့်လည်း များပြားလှသည့် ဧည့်သည်တို့ကို တစ်ဦးတစ်ယောက်စီလိုက်၍ သတိပေးတားမြစ်ပြောဆို ကာကွယ်ပေးနိုင်မည်မဟုတ်ပေ။ နွေရာသီကဲ့သို့ ရေနည်းပါးချိန်တွင် အန္တရာယ်ဖြစ်ပေါ်မှု နည်းပါးနိုင်သော်လည်း မိုးရာသီရေများချိန်တို့၌ အချိန်မရွေး၊ နေရာမရွေး၊ အန္တရာယ်ကျရောက်နိုင်သည်ကို သတိပြုဆင်ခြင်သင့်သည်။

ပြင်ဦးလွင်မြို့ရှိ အထင်ကရ ရေတံခွန်များဖြစ်ကြသော အနီးစခန်းဓာတ်တော်ချိုင့် ရေတံခွန်၊ ပွဲကောက်ရေတံခွန်၊ ပိတ်ချင်းမြောင်ရေတံခွန်စသည့် ရေတံခွန်များ၌ ရေဆော့ကစားရင်း ရေနစ်သေဆုံးသူဦးရေတို့မှာ တစ်နှစ်ထက်တစ်နှစ် များပြားလာကြောင်း သိရှိနေရသည်။

ထို့ကြောင့် မိုးရာသီရေများချိန်တို့တွင် ရေတံခွန်များ၌ လေ့လာအပန်းဖြေလည်ပတ်သူတို့အနေဖြင့် စိတ်သောကကင်းဝေးပြီး အန္တရာယ်ရှင်းရှင်းဖြင့် ပျော်ရွှင်နိုင်ရန် သတိထားပျော်ပါးသင့်ပါကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ကုန်ထုတ်လမ်းတံတားများ တည်ဆောက်ရန် ရန်ပုံငွေ ကျပ်သန်း ၁၂၀၀ ကျော် အသုံးပြု၍ဆောင်ရွက်မည်

**ဂန့်ဂေါ ဇူလိုင် ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင်အတွင်း ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၁၂၂၂ ဒသမ ၃၆၅ သန်းဖြင့် ဖောက်လုပ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ကုန်ထုတ်လမ်းများ ဖောက်လုပ်မှုအနေဖြင့် ဂန့်ဂေါမြို့နယ်တွင် လုံဟောကျေးရွာမှ ဂန့်ဂေါ-ဟားခါးလမ်းမကြီးသို့ အရှည်တစ်မိုင် မြေသားလမ်းဖောက်လုပ်ခြင်း၊ အရှည် ၁၄ မိုင်ကျော်ရှိ ကန်သာ - မိုးစိုရွာသစ် - မိုးစိုရွာဟောင်း-ချောင်းကောက်-မြင်သား-လယ်ကြီး-ဝင်ဝ ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ကျောက်ခင်းခြင်း၊ ထီးလင်းမြို့နယ်တွင် ဂန့်ဂေါ-ကျောလမ်းမှ ကျောချောင်း-မျက်မြောင်လမ်းအထိ လေးမိုင်အရှည် မြေသားလမ်းဖောက်လုပ်ခြင်း၊ ဆောမြို့နယ်တွင် ၁၃ မိုင်အရှည်ရှိ ပြို-ဝက်ကု-လယ်ဖြူ-ပုပ္ပကိုင်း-သိန်းကျင်း မြေသားလမ်းဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

စုစုပေါင်း ဖောက်လုပ်မည့် လမ်းအရှည် ၃၂ မိုင်ကျော်ဖြစ်ပြီး ရန်ပုံငွေမှ ကျပ် ၅၃၁ ဒသမ ၁၃၅ သန်းကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တံတားများ၊ ရေကျော်နှင့် ရေပြွန်များ တည်ဆောက်မှုအနေဖြင့် ဂန့်ဂေါမြို့နယ်ရှိ တောင်ခင်ရန်း-သာလင်း လမ်းပေါ်တွင် အရှည် ၁၃ ပေ၊ အကျယ် ၁၄ ပေ ရှိ သစ်သားတံတား တစ်စင်း၊ တောင်ခင်ရန်း-မြောက်ခင်ရန်းလမ်းပေါ်တွင် အရှည် ၁၃ ပေ၊ အကျယ် ၁၄ ပေရှိ သစ်သားတံတားတစ်စင်း၊ ကန်သာ - မိုးစိုရွာသစ် - မိုးစိုရွာဟောင်း - ချောင်းကောက်-မြင်သား-လယ်ကြီး-ဝင်ဝ ကျေးရွာချင်းဆက်မြေသားလမ်းပေါ်တွင် စုစုပေါင်းအရှည် ၇၇၅ ပေရှိ သစ်သားတံတား ၁၅ စင်းကို တည်ဆောက်သွားမည်ဖြစ်သည်။

ကန်သာ-မိုးစိုရွာသစ်-မိုးစိုရွာဟောင်း-ချောင်းကောက်-မြင်သား-လယ်ကြီး-ဝင်ဝ လမ်းပေါ်တွင် စုစုပေါင်း အရှည်ပေ ၁၈၀ ရှိ ရေကျော်လေးခုနှင့် စုစုပေါင်းအရှည် ပေ ၇၀ ရှိ ရေပြွန် ၁၄ ခု၊ ထီးလင်းမြို့နယ်ရှိ ထီးလင်း-ဆင်စွယ်-ရေမျက်နီလမ်းပေါ်တွင် အရှည်ပေ ၁၀၀ ရှိ ကျောက်ကြီးခံ ဘေလီသံပေါင်တံတားတစ်စင်း၊ ဆင်စွယ်ရွာနှင့် မြိုင်-တောမလမ်းကြားတွင် အရှည်ပေ ၂၀ ရှိ သစ်သားတံတားတစ်စင်း၊ ထီးလင်း-ဆင်စွယ်-ရေမျက်နီလမ်းပေါ်တွင် အရှည်ပေ ၄၀ သစ်သားတံတားတစ်စင်း၊ ဆင်စွယ်-အလယ်ဘန်း လမ်းပေါ်တွင် ပေ ၃၀ အရှည် သစ်သားတံတားတစ်စင်း၊ ဆောမြို့နယ်ရှိ ဝက်ကု-ပုပ္ပကိုင်း လမ်းပေါ်တွင် စုစုပေါင်း အရှည်ပေ ၃၉၀ ရှိ ရေကျော် ၁၃ ခုနှင့် စုစုပေါင်းအရှည်ပေ ၁၀၀ ရှိ သစ်သားတံတားငါးစင်းကို တည်ဆောက်သွားမည်ဖြစ်သည်။

စုစုပေါင်းတည်ဆောက်မည့် တံတားနှင့် ရေကျော်၊ ရေပြွန်များအနေဖြင့် သစ်သားတံတား ၂၅ စင်း၊ ဘေလီသံပေါင်တံတား တစ်စင်း၊ ရေကျော် ၁၇ ခုနှင့် ရေပြွန် ၁၄ ခု ရှိမည်ဖြစ်ကာ ရန်ပုံငွေမှ ကျပ် ၆၉၁ ဒသမ ၂၃ သန်း အကုန်အကျခံတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်လမ်းနှင့် တံတားများ တည်ဆောက်ပေးခြင်းဖြင့် ဒေသခံပြည်သူများအနေဖြင့် သွားလာရေးနှင့် ကုန်စည်ပို့ဆောင်ရေးတို့တွင် အဆင်ပြေလွယ်ကူ ချောမွေ့လာတော့မည်ဖြစ်ကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**

# မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးပွဲပြုလုပ်

**ဘားအံ ဇူလိုင် ၁၇**

ကရင်ပြည်နယ်အတွင်း လယ်ယာကုန်ထုတ်လုပ်မှုကဏ္ဍတွင် ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပြီး မိုးစပါးတစ်ဧကအထွက်နှုန်းတိုးစေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှု၊ ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မောခီးကျေးရွာ၌ သိပ္ပံနည်းကျ မိုးစပါးထွန်ယက် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ဦးက စိုက်ပျိုးနည်းစနစ်မှန်ကန်ပြီး တစ်ဧကအထွက်နှုန်းတိုးရေးနှင့် သမားရိုးကျစိုက်ပျိုးရာမှ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များဖြင့် ပြောင်းလဲစိုက်ပျိုးနည်းများကို ဒေသခံတောင်သူများအား ပညာပေးရှင်းလင်းပြောကြားကာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိုးစပါးစုပေါင်းထွန်ယက်စိုက်ပျိုးမှုကို လေ့လာကြည့်ရှုအားပေးသည်။

ထို့နောက် မောခီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သော ကွီလေး၊ မဲသမူ၊ ထီးသပူဝ၊ မဲလောခီးနှင့် ကမာထကျေးရွာများမှ တောင်သူလယ်သမားများအတွက် ကွန်ပေါင်းဓာတ်မြေဩဇာ ၂၇ အိတ်ကိုလည်းကောင်း၊ ကျေးရွာတစ်ရွာလျှင် ဆိုလာမီးအိမ်တစ်လုံးစီကိုလည်းကောင်း၊ ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းအသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ပေးအပ်ခဲ့သည်။ ကျေးရွာများမှ ဒေသခံတောင်သူများက စိုက်ပျိုးရေးနှင့် ပတ်သက်၍ သိလိုသောအချက်များ၊ ပညာရေးနှင့် လမ်းတံတားကဏ္ဍများအတွက် လိုအပ်ချက်များကို တင်ပြတောင်းဆိုရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိ

**မိတ္ထီလာ ဇူလိုင် ၁၇**

မိတ္ထီလာမြို့နယ် မြင်းကန်အုပ်စု ဆည်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးဆောင်ရွက်ခဲ့သော လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် လျှပ်စစ်မီးဖွင့်ပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဆည်ကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးရရှိရေး ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းပြီး ကျေးရွာရှိ အိမ်ခြေ ၂၀၀ကျော် စုပေါင်း၍ သိန်းပေါင်း ၅၀၀ ကျော် အကုန်အကျခံကာ ၁၁ကေဗွီ ၃၁၅ ဗို့အား ထရန်စဖော်မာတစ်လုံးကို ကိုယ့်အားကိုယ်ကိုး စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ဖွင့်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ အတွင်းရေးမှူး ဦးတင်လှ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင် ဦးသန်းဝင်းနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိန်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့မိမြို့ဖ ဦးစိုးသန်းနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုဖွဲ့ဝင် ဦးကျော်အေးတို့က ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



# ချောင်းကူးတံတား ပျက်စီးသွားသဖြင့် သွားလာရေးခက်ခဲနေ

**မော်လူး ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နှင့် နန်းခင့်ကျေးရွာကို ဆက်သွယ်ထားသည့် အင်းတော်ချောင်းဖြတ် နန်းခင့်ကျေးရွာတံတားသည် ဇူလိုင် ၁၃ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး အင်းတော်ချောင်းရေကြီးမှုကြောင့် ရေမျောကာ ပျက်စီးသွားသဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေးအခက်အခဲကြုံတွေ့နေရကြောင်း သိရသည်။

"တံတားလည်းရေထဲပါသွားတော့ ကျွန်တော်တို့ဒေသက အခက်ကြုံနေပါတယ်။ ဘာကြောင့်လဲဆိုတော့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနဲ့ လမ်းပန်းဆက်သွယ်သွားလာရေးတွေ အခက်အခဲဖြစ်နေပါတယ် "ဟု အင်းရွာကျေးရွာမှ ဦးစံဝင်းက ပြောသည်။

အင်းတော်မြို့နှင့် နန်းခင့်ကျေးရွာကြား လမ်းပန်းဆက်သွယ်သွားလာရေး လွယ်ကူချောမွေ့စေရန် နန်းခင့်ကျေးရွာ လူကူးသစ်သားတံတားကို တည်ဆောက်ထားခြင်းဖြစ်ရာ ယခုအခါတံတား ရေထဲမျောပါသွား၍ အင်းတော်ချောင်းကို လှေများဖြင့် သွားလာနေရကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**

## သတင်းတို

### သွေးလွန်တုပ်ကွေးကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

ကသာခရိုင် မော်လူးစံပြကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရေတွင်းရေကန်များတွင် ခြင်ပေါက်ပွားမှုမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်း၊ ရေမြောင်းများတွင် ရေစီးရေလာကောင်းအောင် ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေး ကာကွယ်ရေး ပညာပေးဟောပြောခြင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ တိုက်နယ်ဆေးရုံမှ တိုက်နယ်တာဝန်ခံဆရာဝန် ဒေါက်တာလာမာမီးနှင့် ဝန်ထမ်းများပူးပေါင်း၍ ဇူလိုင် ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ**

# နွားထိုးကြီးမြို့နယ်အတွင်းအစာအခက်အခဲမရှိသော သိုးမွေးမြူသူများပြားပြီးအကျိုးဖြစ်ထွန်း

**နွားထိုးကြီး ဇူလိုင် ၁၇**

နွားထိုးကြီးမြို့နယ်နှင့်ငါန်းဇွန်မြို့နယ်တို့ဆက်သွယ်ထားသော မြို့ချင်းဆက်လမ်းဘေးရှိ နွားထိုးကြီးမြို့နယ်အတွင်းမှ ပဲချက်၊ ဝက်လူး၊ ဆေးခင်းကြီး၊ ကျွန်းတောင်စသည့် ကျေးရွာများတွင် အစာအခက်အခဲမရှိသော တိရစ္ဆာန်မွေးမြူရေးဖြစ်သည့် သိုးမွေးမြူသူ များပြားလာကာ မွေးမြူသူများ အကျိုးဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

သိုးမွေးမြူသူများအနေဖြင့် အစာအခက်အခဲမရှိဘဲနံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်လွှတ်ကျောင်းရုံဖြင့်သိုးစာအတွက်ဖြေရှင်းနိုင်သကဲ့သို့မိုးရက်ရှည်ရွာသွန်းပါက အစာအနည်းငယ်သာကျွေးရသောကြောင့် အခြားမွေးမြူရေးသတ္တဝါများဖြစ်သည့် နွား၊ ဆိတ်ကဲ့သို့ အစာအတွက် ပူပင်ရခြင်းမရှိကြောင်း သိရသည်။ သိုးမွေးမြူသူများအနေဖြင့် တစ်ဦးလျှင် သိုးကောင်ရေ ၁၀၀ ခန့်အထိမွေးမြူကြကြောင်းသိရသည်။

"ကျွန်တော်တို့နယ်မှာက သိုးမွေးတဲ့သူတွေများတယ်၊ ဆိတ်လည်းမွေးတော့မွေးတယ်၊ ဒါပေမယ့် ဆိတ်ကကျောင်းတဲ့ကျောင်းကွင်းက သိပ်မရှိဘူး၊ သိုးကမြက်လည်းစားတယ်ဆိုတော့ လယ်ကွင်းကွက်လပ်၊ လမ်းဘေးမှာတင်ကျောင်းလို့ရတယ်၊ ဆိတ်ကတော့ ချုံပုတ်တွေ၊ သစ်ပင်တွေကိုအဓိကစားတယ်၊ ဒီဘက်နယ်က အဲ့ဒါတွေ သိပ်မရှိဘူး၊သိုးမွေးမြူသူတွေအတွက်ကတော့ အကျိုးအမြတ်ကမဆိုးဘူး၊ နိုင်ငံတော်ကမွေးမြူရေးလုပ်တဲ့သူတွေအတွက်ထောက်ပံ့ပေးရင်လူတိုင်းနီးပါး လောက်မွေးနိုင်တယ်၊ အခုကျွန်တော်တို့ဘက်မှာတော့ ထောက်ပံ့ပေးမှုမရှိသေးပါဘူး"ဟု ပဲချက်ကျေးရွာမှ ဆိတ်မွေးမြူရေးလုပ်ငန်းရှင်တစ်ဦး၏ပြောပြချက်အရသိရသည်။

သိုးမွေးမြူသူများအနေဖြင့် စတင်မွေးမြူရန်အတွက် သိုးမတမ်း (ခေါ်) အကောင်လတ်တစ်ကောင်ကို ငွေကျပ်ငါးသောင်းခန့်ပေးဝယ်ယူကာစတင်မွေးမြူကြကြောင်း၊သိုးအမများသည်တစ်နှစ်လျှင်သုံးကြိမ်သားပေါက်ကြောင်း၊ တစ်ကြိမ်သားပေါက်ပါက တစ်ကောင်သာသားပေါက်ကြောင်း၊ သားပေါက်ပြီး ငါးလခန့်အရွယ် သိုးတစ်ကောင်ကို ငွေကျပ် ငါးသောင်းခန့်ရရှိကြောင်း၊ အရွယ်ရောက်ပြီး သိုးအကြီးတစ်ကောင်လျှင် ငွေကျပ် ကိုးသောင်းမှ တစ်သိန်းအထိ ရောင်းရကြောင်း၊ သားပေါက်မြန်ပြီး အချိန်တိုအတွင်း ဈေးကောင်းရရှိသော ကြောင့်သိုးမွေးမြူသူများအနေဖြင့် အဆင်ပြေကာ အကျိုးအမြတ်အချိန်တိုအတွင်း ရရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ကျောက်ဆည်)**



# အာဇာနည်နေ့အထိမ်းအမှတ် ဗိုလ်ချုပ်အောင်ဆန်းပုံတူပန်းချီပြိုင်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၇**

ဇူလိုင် ၁၉ရက်တွင်ကျရောက်မည့် (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းပုံတူပန်းချီဆွဲ ပြိုင်ပွဲကို နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ဘူတာဟောင်းလမ်းရှိ ကံ့ကော်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

ပန်းချီပြိုင်ပွဲမစတင်မီ ကံ့ကော်ကိုယ်ပိုင် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးအောင်ခိုင်က အာဇာနည်နေ့ ဖြစ်ပေါ်လာသည့် အကြောင်းများကို ကျောင်းသား ကျောင်းသူများအား ရှင်းလင်းဟောပြောကာ ကျောင်းနာယကမြို့နယ် ပန်းချီပန်းပုအစည်းအရုံးမှ ဆရာ ဦးဇော်လွင်မြင့်က ဗိုလ်ချုပ်အောင်ဆန်း ပုံတူပန်းချီပြိုင်ပွဲ စည်းမျဉ်းများကို ပြောကြားပြီး ပြိုင်ပွဲကို ကျင်းပသည်။ ပန်းချီပြိုင်ပွဲသို့ ပဉ္စမတန်းမှ ဒသမတန်းအထိ ကျောင်းသား ကျောင်းသူ ၄၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ကာရန်ခ**



# သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၇**

ရန်ကုန် အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ် (၁၆) ရပ်ကွက်ရှိ မာလာမြိုင် (၈)လမ်းတွင် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် ပိုးလောက်လမ်းစားငါးပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက်က လူထုလှုပ်ရှားမှုလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်သန္တာရဲတင့်တို့က မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးအသင်းဝင်များနှင့်ပူးပေါင်းပြီး လမ်းအလိုက် ခြင်ထောင်ဆေးစိမ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ လိုက်လံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မီးမီး(လှိုင်)**



# စားကျက်ဖွံ့ဖြိုးရေး ပညာပေးဟောပြောပြီး နိုင်ငံခြားမြက်မျိုးများ ဖြန့်ဝေပေး

**ကလေးဝ ဇူလိုင် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း စားကျက်မြေများ ကျယ်ပြန့်စွာရှိလာရန်နှင့် စားကျက်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောပွဲကို ပန်းချီစုကျေးရွာနှင့် မထုကျေးရွာများ၌ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဇူလိုင် ၁၅ ရက်တွင် ပြုလုပ်ခဲ့ပြီး ကျွဲ၊ နွားများအတွက် နေပီယာမြက်မျိုး ပျိုးပင်ကိုင်းဖြတ်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကလေးဝမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်သန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေး ကော်မတီ အမှုဆောင်အရာရှိ ဦးတင့်လွင်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးကျော်နိုင်က စားကျက်ဖွံ့ဖြိုးရေး၏ ရည်ရွယ်ချက်များ၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်သန်းက စားကျက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံခြားမြက်မျိုးဖြစ်သော နေပီယာမြက်များ စိုက်ပျိုးခြင်း၏ အကျိုးများ၊ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြေသာကျေးရွာအုပ်စု ပန်းချီစုကျေးရွာမှ ဒေသခံတောင်သူများအား မြက်မျိုးကိုင်းဖြတ်နှင့် ပျိုးပင် ၁၇၀၊ မထုကြီးကျေးရွာအုပ်စု မထုကျေးရွာမှ ဒေသခံတောင်သူများအား မြက်မျိုးကိုင်းဖြတ်နှင့် ပျိုးပင် ၆၅ ပင်ကို ဖြန့်ဝေပေးပြီး လက်တွေ့စိုက်ပျိုးခဲ့ကြသည်။

ကလေးဝမြို့နယ် အပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ပြီးခဲ့သည့်နှစ် နွေရာသီကာလက အပူချိန်မြင့်မားမှုကြောင့် နွားစာရှားပါးမှုများ ဖြစ်ပေါ်ခဲ့ပြီး တောင်သူလယ်သမားများအနေဖြင့် နွားစာအတွက် အခက်ကြုံခဲ့ရသဖြင့် စားကျက်များ ဖွံ့ဖြိုးလာရန် ဆောင်ရွက်ခြင်းဖြင့် နွေရာသီကာလများတွင် နွားစာရှားပါးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်အတွင်း စားကျက်များ ဖွံ့ဖြိုးရေးအပြင် ၂၀၁၅- ၂၀၁၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရေးတွင်လည်း လျာထားဧကများ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ရေးအတွက် စိုက်/ကြပ်နယ်မြေများခွဲဝေ၍ ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား (ပြန်/ဆက်)**

# သတင်းတိုများ

## ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုး

ကျွန်းစုမြို့နယ် ညောင်ဘီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဝင်းအတွင်း၌ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။ အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး သစ်တောနှင့်သတ္တုဝန်ကြီး ဦးတင်စိုးက ပျိုးပင်များကို ဆရာ ဆရာမများနှင့် ရပ်မိရပ်ဖများထံ ဖြန့်ဝေပေးပြီး ဝန်ကြီးနှင့်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်နိုင်စိုး၊ မြိတ်ခရိုင်နှင့် ကျွန်းစုမြို့နယ်သစ်တောဦးစီးဌာနများမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်လက်ထောက်ပညာရေးမှူးနှင့် အထက(ညောင်ဘီး) ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရပ်မိရပ်ဖများက ပျဉ်းကတိုး ၃၀၀၊ မဟော်ဂနီ ၂၀၆ ပင်၊ ကျွန်း ၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့သဘင်ပညာရှင်အစည်းအရုံးဖွဲ့စည်း

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့၌ ပွဲလမ်းသဘင်များ ကျင်းပရာတွင် စနစ်တကျရှိရေး၊ မြန်မာ့သဘင်ယဉ်ကျေးမှုကို ထိန်းသိမ်းရေးရည်ရွယ်ချက်များဖြင့် သဘင်ပညာရှင်များအစည်းအရုံးကို ဇူလိုင် ၁၃ ရက်က ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ ငါးသိုင်းချောင်းမြို့ အောင်ဆန်းဓမ္မာရုံ၌ ကျင်းပသည့် အစည်းအရုံးဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ပွဲတွင် သဘင်ပညာရှင်အစည်းအရုံး (ဗဟို)မှ ပြန်ကြားရေးမှူး ဦးဝင်းကြိုင်နှင့် တိုင်းဒေသကြီးသဘင်ပညာရှင်များ အစည်းအရုံးမှ တာဝန်ရှိသူများ၊ ဒေသခံသဘင်ပညာရှင်များ တက်ရောက်ခဲ့ပြီး ကော်မတီဝင်ကိုးဦးကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**စိုးမင်းဦး(ပြန်/ဆက်)**

## ကျေးရွာအထက(ခွဲ)ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ရေမျက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။ ဖွင့်ပွဲတွင် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံဌေးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်မောင်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညိုဝင်းက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။ ထို့နောက် လွှတ်တော်ကိုယ်စားလှယ်နှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ၁၀ ဒါဇင်စီကိုလည်းကောင်း၊ အခြားအလှူရှင်များက ဗလာစာအုပ်များနှင့် အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကျင်းပ

**ကျိုက်ဒုံ ဇူလိုင် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးဦးတင်စိုးက အမှာစကား ပြောကြားပြီး အထက်တန်းပြဆရာမ ဒေါ်မြင့်မြင့်ထွေးက အာဇာနည်နေ့နှင့်ပတ်သက်၍ သိသင့်သောအချက်အလက်များကို ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ကျိုက်ဒုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဟောပြောပွဲအပြင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ဘောလုံးပြိုင်ပွဲများကိုလည်း ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ဆုရကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့တွင် ဆုများပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဟောပြောပွဲကျင်းပ

**ရိခေါဒါရ် ဇူလိုင် ၁၇**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ ကျန်းမာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် ကျောင်းကျန်းမာရေးစစ်ဆေးခြင်းကို ခေါထီရ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ရိခေါဒါရ်မြို့အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွန်းက အမှာစကားပြောကြားပြီး ရိခေါဒါရ်မြို့ တိုက်နယ်ဆေးရုံတာဝန်ခံ ဒေါက်တာစိုးသီဟက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအကြောင်းကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလာလ်ပက်လောမ်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကိုလည်းကောင်း ကျောင်းသားကျောင်းသူများအား ပညာပေး ဟောပြောခဲ့သည်။

ထို့နောက် တိုက်နယ်ဆေးရုံတာဝန်ခံနှင့် သူနာပြုဆရာမများက ရိခေါဒါရ်မြို့ အလက(ခွဲ)မှ ကျောင်းသားကျောင်းသူ ၁၀၆ ဦး၊ မူကြိုကျောင်းများမှ ကလေးငယ် ၂၅ ဦးနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ခဲ့ကာ ကျောင်းသား ကျောင်းသူများအား သန်ချဆေးနှင့်ဗီတာမင်အားဆေးများ တိုက်ကျွေးခဲ့ကြသည်။ အဆိုပါ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲများကို အခြားကျေးရွာစာသင်ကျောင်းများ၌လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# ဗန်ဟားလ်၊ မန်ယူနဲ့ အပြောင်းအရွှေ့ အလုပ်အခတ်

မိုးမြင့်လင်းလက်



ဒီနှစ် နွေရာသီအပြောင်းအရွှေ့ကာလမှာ ဘောလုံးသမားအသစ်တွေဝယ်ယူအားဖြည့်ဖို့ မန်ယူက ပေါင်သန်း ၃၀၀ အထိ ခွင့်ပြုပေးထားတဲ့ နည်းပြဗန်ဟားလ်က ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီနဲ့ ဘိုင်ယန်မြူးနစ်တိုက်စစ်မှူး လီဝမ်ဒေါစကီးတို့ကို ထပ်မံခေါ်ယူဖို့ စိတ်ဝင်စားနေပြန်ပြီဖြစ်ပါတယ်။

တိုက်စစ်မှာ ရွှန်းနေတစ်ဦးတည်းအားထားစရာရှိနေတာမို့ တိုက်စစ်မှူး ဒီပေးကို ခေါ်ယူခဲ့ပြီး အရေးတကြီးခေါ်ယူရမယ့် ကွင်းလယ်ကစားသမားတွေကိုတော့ နည်းပြ ဗန်ဟားလ်က အခုဆိုရင် ရအောင်စာချုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် မန်ယူတိုက်စစ်မှူး ရွှန်းနေနဲ့ တွဲဖက်ပြီး တိုက်စစ်ပုံစံသစ်ကို ဖော်ဆောင်ဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ မန်ယူတိုက်စစ်မှာ ဗန်ပါစီက ဖီနာဘာချီကို ပြောင်းရွှေ့သွားပြီဖြစ်သလို ဟာနန်ဒက်ဇ်ကလည်း ဒဏ်ရာရပြီး ကြံ့ခိုင်မှုမပြည့်ဝတဲ့အနေအထား ရှိနေပါတယ်။

လာမယ့်ဘောလုံးရာသီမှာ ရည်မှန်းချက်ကြီးကြီးထားရှိနေတဲ့ နည်းပြဗန်ဟားလ်က အသင်းနဲ့ လိုက်လျောညီထွေရှိမယ့် ကာဗာနီနဲ့ လီဝမ်ဒေါစကီးတို့ကိုခေါ်ယူဖို့ ပစ်မှတ်ထားကြိုးစားနေခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် လီဝမ်ဒေါစကီးရော ကာဗာနီပါ သူတို့ရဲ့ ကလပ်တွေက ရောင်းချမယ့်စာရင်းထဲမှာ ထည့်သွင်းမထားပါဘူး။

ဒါပေမယ့် မန်ယူတိုက်စစ်ကို ပုံစံသစ်နဲ့ အကောင်အထည်ဖော်မယ့် နည်းပြဗန်ဟားလ်ရဲ့ နည်းဗျူဟာမှာ အဓိကဇာတ်ကောင်တွေအဖြစ် ပါဝင်အစွမ်းပြဖို့ ကာဗာနီရော လီဝမ်ဒေါစကီးပါ ထည့်သွင်းထားတာမို့ ရအောင်ခေါ်ယူဖို့ စီစဉ်ပြင်ဆင်နေခြင်း ဖြစ်ပါတယ်။

လောလောဆယ်မှာ ဒီမာရီယာကလည်း ရီးရဲမက်ဒရစ်ကိုပြန်ဖို့ စီစဉ်နေပြီး ဇနီးသည် ကာဒိုဇိုကလည်း မန်ချက်စတာမြို့မှာ ပျော်ရွှင်မှုမရှိတဲ့အပြင် ပြီးခဲ့တဲ့ဘောလုံးရာသီမှာ မျှော်မှန်းထားသလောက် ခြေစွမ်းမပြနိုင်ခဲ့တဲ့ ဒီမာရီယာကို လက်လွှတ်ဖို့ နည်းပြဗန်ဟားလ် စဉ်းစားနေပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ရီးရဲမက်ဒရစ်ကနေပြီး မန်ယူကို ပြောင်းရွှေ့ကြေး ပေါင် ၅၉ ဒသမ ၇ သန်းနဲ့ ရောက်ရှိလာတဲ့ ဒီမာရီယာဟာ အခုရီးရဲမက်ဒရစ်ကို ပြန်ပြောင်းရွှေ့ဖို့ ကြိုးစားနေပါတယ်။ ခြေစွမ်းမပြနိုင်တာရယ်၊ ဒဏ်ရာပြဿနာတွေရယ်၊ ဇနီးသည်မပျော်ပိုက်တာတွေရယ်ကြောင့် ဒီမာရီယာက ရီးရဲမက်ဒရစ်ကို ပြန်ပြောင်းလိုက်တဲ့ အဓိကအချက်တွေပဲဖြစ်ပါတယ်။ ဒါကြောင့် မန်ယူရဲ့ နွေရာသီခြေစမ်းပွဲလေးပွဲခရီးစဉ်မှာ ဒီမာရီယာမပါဝင်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့နွေရာသီကတည်းက မန်ယူကို ဗန်ဟားလ်ရောက်ရှိလာခဲ့ပြီးနောက်ပိုင်းမှာ ဘောလုံးသမားဝယ်ယူမှုအတွက် ငွေကြေး ပေါင် ၁၅၄ သန်း သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ အခုဆိုရင်လည်း ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား ရှုဝိန်းစတိုက်ဂါကို ပြောင်းရွှေ့ကြေး ပေါင် ၁၅ သန်း၊ ဆောက်သမ်တန်ကွင်းလယ်ကစားသမား ရှုနိုက်ဒါလင်းကို ပြောင်းရွှေ့ကြေး ပေါင် ၂၄ သန်းနဲ့ ခေါ်ယူလိုက်တာဟာ အားနည်းချက်ရှိနေတဲ့ မန်ယူကွင်းလယ်ကို ပိုပြင်အောင် အားဖြည့်ခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် အီတလီနောက်ခံလူ ဒါမီရန်ကိုလည်း ပြောင်းရွှေ့ကြေး ပေါင် ၁၂ ဒသမ ၇ သန်းနဲ့ ခေါ်ယူခဲ့သလို နယ်သာလန်တောင်ပံကစားသမား ဒီပေးကိုလည်း ပေါင် ၂၅ သန်းနဲ့ ခေါ်ယူခဲ့ပြီး ဖြစ်ပါတယ်။

အခုဆိုရင် မန်ယူဟာ တိုက်စစ်၊ ကွင်းလယ်နဲ့ ခံစစ်ပိုင်းတွေမှာ လူအင်အားထပ်လိုမယ်ဆိုရင် ခေါ်ယူနိုင်ဖို့ မန်ယူက နည်းပြဗန်ဟားလ်ကို ခွင့်ပြုပေးထားပါတယ်။ ဒါကြောင့် နည်းပြဗန်ဟားလ် ဘယ်လောက်အထိ အောင်မြင်မှုရရှိမလဲဆိုတာ စောင့်ကြည့်ရတော့မှာဖြစ်ပါတယ်။

ပိုပြီးစိတ်ဝင်စားစရာကောင်းတာကတော့ ငွေကြေးအလုံအလောက် သုံးစွဲခွင့်ပြုထားတဲ့ မန်ယူဟာ လာမယ့်ဘောလုံးရာသီမှာ အောင်မြင်မှုမရခဲ့ရင်တော့ နည်းပြဗန်ဟားလ်ရဲ့ အနာဂတ်ဟာလည်း သေချာမှုမရှိတဲ့အနေအထားကို ရောက်သွားနိုင်တယ်ဆိုတာပါပဲ။ ။

## ဆမ်ဒိုးရီးယားဂိုးသမား မန်ယူနဲ့အပြိုင် ရီးရဲခေါ်ယူဖို့ကြိုးစား



ဆမ်ဒိုးရီးယားအသင်းကနေ ပြီးခဲ့တဲ့လက ထွက်ခွာသွားပြီဖြစ်တဲ့ ဆာဂျီယိုရိုမီရိုကို ရီးရဲမက်ဒရစ်က မန်ယူနဲ့အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အာဂျင်တီးနားလက်ရွေးစင်ဂိုးသမား ရိုမီရိုကို မန်ယူနဲ့ ရိုးမားတို့က ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာပါ။ ရီးရဲမက်ဒရစ်က သူ့ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ ရီးရဲမက်ဒရစ်က မန်ယူနဲ့ ရိုးမားတို့နဲ့အပြိုင် ဆာဂျီယိုရိုမီရိုက ခေါ်ယူသွားဖို့ ကြိုးစားနေပြီလို့ ဆိုပါတယ်။ အာဂျင်တီးနားဂိုးသမားအနေနဲ့ အေးဂျင့်မှတစ်ဆင့် မန်ယူနဲ့ ရိုးမားတာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာပါ။ သို့ပေမယ့် မန်ယူက လုပ်ခလစာများများပေးပြီး ခေါ်ယူမယ့်အနေအထားရှိပါတယ်။ အနည်းဆုံး တစ်နှစ်ကို ပေါင် ၁ ဒသမ ၄ သန်းအထိ လစာပေးခေါ်လိမ့်မယ်လို့ ဆိုပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ ထွက်ခွာဖွယ်ရှိနေတဲ့ ဒီဂီယာရဲ့ နေရာမှာ ရိုမီရိုကို အစားထိုးဖို့ ပြင်ဆင်မှုအနေနဲ့ ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သူဟာ အာဂျင်တီးနားမှာရော ဆမ်ဒိုးရီးယားအသင်းမှာပါ အစွမ်းပြကစားနေတဲ့ ဂိုးသမားဖြစ်ပါတယ်။ ဒါကြောင့်လည်း မန်ယူက အရခေါ်ယူဖို့ ကြိုးစားနေပါတယ်။

## ဖေယန်နူးကွင်းလယ်လူ ဆောက်သမ်တန်ခေါ်ယူ

ဆောက်သမ်တန်အသင်းက ဖေယန်နူးကွင်းလယ်ကစားသမား ဂျော်ဒီကလက်ဆီကို မန်ယူကိုပြောင်းသွားတဲ့ ရှုနိုက်ဒါလင်းရဲ့ နေရာမှာ အစားထိုးနိုင်ဖို့ ပေါင် ၁၀ ဒသမ ၅ သန်းနဲ့ ခေါ်ယူလိုက်ပါပြီ။ ဆောက်သမ်တန်က သူ့ကို ငါးနှစ်စာချုပ်နဲ့ခေါ်ယူလိုက်တာပါ။ ဆောက်သမ်တန်မှာ ခြေစွမ်းပြနေတဲ့ ရှုနိုက်ဒါလင်းဟာ မန်ယူကို ပေါင် ၂၄ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့ပါပြီ။ ရှုနိုက်ဒါလင်းလို ခြေစွမ်းပြနိုင်တဲ့ ကွင်းလယ်ကစားသမားအသစ်ကို ခေါ်ယူနိုင်ပြီလို့ ဆောက်သမ်တန်နည်းပြ ကိုးမန်းက ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ ဂျော်ဒီကလက်ဆီဟာ ဖေယန်နူးမှာ ခြေစွမ်းပြကစားနေတဲ့ သူဖြစ်ပါတယ်။ သူဟာ နယ်သာလန်လက်ရွေးစင်ကစားသမားဖြစ်ပြီး နယ်သာလန်နဲ့ ၁၁ ပွဲ ပါဝင်ကစားခဲ့သူပါ။

သူ့ကို နယူးကာဆယ်ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတာပါ။ သို့ပေမယ့် ဆောက်သမ်တန်ကိုပဲ ရွေးချယ်ခဲ့တာပါ။ လာမယ့် ပရီမီယာလိဂ်မှာ ဆောက်သမ်တန်အသင်းနဲ့အတူ ခြေစွမ်းကို တွေ့ရတော့မှာဖြစ်ပါတယ်။

## အာဆင်နယ်နဲ့ လီဗာပူးပစ်မှတ်ထားနေတဲ့ လိုင်ယွန်တိုက်စစ်မှူး

ကောင်းမြတ်သူ စုစည်းသည်။

လာမယ့် ပရီမီယာလိဂ်အတွက် ထိပ်တန်းကလပ်တွေက အကောင်းဆုံး ပြင်ဆင်နေကြပါပြီ။ အကောင်းဆုံးကစားသမားတွေ ခေါ်ယူအားဖြည့်ပြီး ပြင်ဆင်မှုတွေပြုလုပ်နေတာပါ။ ဒီထဲမှာ အာဆင်နယ်နဲ့ လီဗာပူးတို့က လိုင်ယွန်ထိပ်တန်း ဂိုးသွင်းတိုက်စစ်မှူး အလက်ဇန္ဒြားလာကာဇက်တီကို အပြိုင်ခေါ်ယူဖို့ ကြိုးစားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် လိုင်ယွန်အသင်းဥက္ကဋ္ဌ အောလပ်ကတော့ သူ့ကို မရောင်းဘူးလို့ ဆိုပါတယ်။ သို့ပေမယ့် ပေါင် ၃၅ သန်းအထိ ပေးမယ်ဆိုရင်တော့ စဉ်းစားမယ်လို့ ဆိုပါတယ်။

တိုက်စစ်မှူး လာကာဇက်တီဟာ ပြင်သစ်လီဂူး-၁ ရဲ့ ထိပ်တန်းဂိုးသွင်းတိုက်စစ်မှူးပါ။ ပြီးခဲ့တဲ့ရာသီက ၂၇ ဂိုးအထိ သွင်းယူခဲ့တယ်လို့ ဆိုပါတယ်။ အသက် ၂၄ နှစ်အရွယ်သာရှိသေးတဲ့ လာကာဇက်တီဟာ လိုင်ယွန်အသင်းနဲ့အတူ ခြေစွမ်းပြကစားနေတာပါ။ သူဟာ ဥရောပမှာ မက်ဆီ၊ စီရိုနယ်ဒိုတို့နဲ့ အပြိုင် ဂိုးတွေသွင်းယူနေတဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ပေါင် ၃၅ သန်းအထိ ပေးမယ်ဆိုရင်တော့ ရောင်းချလိမ့်မယ်လို့ ဆိုပါတယ်။ အာဆင်နယ် သို့မဟုတ် လီဗာပူးကို ရောက်သွားနိုင်ပါတယ်။



# မြန်မာနိုင်ငံမှ လူသုံးအများဆုံး ဝက်ဘ်ဆိုက်များတွင် အရောင်းအဝယ်နှင့် ကြော်ငြာဝက်ဘ်ဆိုက်များ ပါဝင်လာ

**ကမ္ဘာတဝန်းရှိ ဝက်ဘ်ဆိုက်များ၏ အသုံးပြုသူအရေအတွက်နှင့် အသုံးပြုနှုန်းကို တွက်ချက်ပေးသည့်** Similarweb.com **၏ ယခုနှစ်ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံမှ အသုံးပြုသူဦးရေအများဆုံး ထိပ်တန်းဝက်ဘ်ဆိုက် ၁၀၀ စာရင်းတွင်ပြည်တွင်းမှ** E-commerce **နှင့်** Classified **ဝတ်ဘ်ဆိုက်အချို့ ပါဝင်လာရာ မြန်မာနိုင်ငံတွင် အွန်လိုင်းအခြေခံ အရောင်းအဝယ်လုပ်ငန်းနှင့် အွန်လိုင်းကြော်ငြာလုပ်ငန်းများ အောင်မြင်တိုးတက်လာသည့် အဓိပ္ပာယ်ဖြစ်ကြောင်း သိရသည်။**

ထိပ်တန်းဝက်ဘ်ဆိုက်များအတွင်း ပါဝင်ခဲ့သော ပြည်တွင်းဝက်ဘ်ဆိုက်များတွင် အများဆုံးမှာ သတင်းဝက်ဘ်ဆိုက်များဖြစ်ပြီး အလုပ်အကိုင်ရှာဖွေခြင်းနှင့် E-commerce ဝက်ဘ်ဆိုက်များလည်း ယခုနှစ်တွင် ပါဝင်လာခြင်းဖြစ်သောကြောင့် မြန်မာနိုင်ငံတွင် အင်တာနက်သုံးစွဲသူများအနေဖြင့် အွန်လိုင်းအသုံးပြု၍ သတင်းများကိုအချိန်နှင့် တစ်ပြေးညီသိရှိနိုင်ရန်၊ စိတ်အပန်းပြေစေရန်နှင့် အလုပ်အကိုင်ရှာဖွေခြင်း၊ အွန်လိုင်းတွင်ဈေးဝယ်ယူခြင်းတို့အတွက် အဓိကသုံးစွဲနေကြခြင်းဖြစ်သည်။

အဆိုပါ ထိပ်တန်း ၁၀၀ စာရင်းတွင်ပါဝင်လာသည့် အွန်လိုင်းမှ ဈေးရောင်းချသည့် e-commerce ဝက်ဘ်ဆိုက်များမှာ ပြည်တွင်းမှ com.mm ဝက်ဘ်ဆိုက်များဖြစ်သော shop.com.mm၊ kaymu.com.mmနှင့် ads.com.mm တို့ဖြစ်ပြီး အလုပ်အကိုင်ရှာဖွေရေးကြော်ငြာများဖော်ပြသည့် ဝက်ဘ်ဆိုက်ဖြစ်သော work.com.mm ဝက်ဘ်ဆိုက်လည်း ပါဝင်နေသည်။ ထိပ်ဆုံးဝက်ဘ်ဆိုက် ၅၀ စာရင်းတွင်မူ ပြည်တွင်းမှ သတင်းဝက်ဘ်ဆိုက်များက ထိပ်ဆုံးတွင်ရှိကာ ဟာသများ၊ ဟာသခေတ်ပုံများ စုစည်းဖော်ပြသည့် ဝက်ဘ်ဆိုက်များ၊ ဗီဒီယိုများမျှဝေသည့်ဝက်ဘ်ဆိုက်များလည်း ပါဝင်နေကြောင်း သိရသည်။

အများဆုံးအသုံးပြုသည့် ဝက်ဘ်ဆိုက်မှာ ရှာဖွေရေးအင်ဂျင် google.com ဖြစ်ပြီး ဆိုရှယ်ဝက်ဘ်ဆိုက်ဖြစ်သည့် facebook.comက ဒုတိယနေရာတွင်ရှိကာ ဂူဂဲလ်ကို မြန်မာဘာသာပြန်ထားသည့် google.com.mmက တတိယနေရာတွင် ရှိနေသည်။ နာမည်ကျော် ဗီဒီယိုဝက်ဘ်ဆိုက်ဖြစ်သည့် Youtube.com က စတုတ္ထနေရာတွင်ရှိကာ Gmail.com က အဆင့် ၁၁ နေရာတွင် ရှိနေသည်။

ပြည်တွင်းဝက်ဘ်ဆိုက်များတွင် ထိပ်ဆုံးနေရာတွင်ရှိနေသည့် ဝက်ဘ်ဆိုက်မှာ နာမည်ကြီးသတင်းဝက်ဘ်ဆိုက်ဖြစ်သည့် thithtoolwin.com ဖြစ်ပြီး Gmail ၏နောက် အဆင့် ၁၂ နေရာတွင် ရှိနေသည်။ အခြားမြန်မာဝက်ဘ်ဆိုက်များအနေဖြင့် 7daydaily.com က အဆင့် ၂၁၊ သတင်းများမျှဝေသည့် phothutaw.com ဝက်ဘ်ဆိုက်က အဆင့် ၃၄၊ သတင်းဝက်ဘ်ဆိုက် irrawaddy.org က အဆင့် ၄၀၊ မြန်မာစာတန်းထိုး ဗီဒီယိုဖိုင်များမျှဝေသည့် channlemyanmar.com ဝက်ဘ်ဆိုက်က အဆင့် ၄၂ နေရာများတွင် ရှိနေသည်။

ဆိုရှယ်နက်ဝက်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်သည် မြန်မာနိုင်ငံမှ အသုံးအများဆုံး ဝက်ဘ်ဆိုက်စာရင်းတွင် ဒုတိယနေရာ၌ ရှိနေသဖြင့် အွန်လိုင်းကြော်ငြာလုပ်ငန်းများ၊ အွန်လိုင်းဈေးရောင်းလုပ်ငန်းများအနေဖြင့်ဖေ့စ်ဘွတ်ခ်ကို အကျိုးရှိအောင် အသုံးချခြင်းဖြင့် မိမိတို့ဝက်ဘ်ဆိုက်ကို လူသိများသည့် ဝက်ဘ်ဆိုက်ဖြစ်အောင် ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိနေသည်။

"အွန်လိုင်းဝက်ဘ်ဆိုက် ဝန်ဆောင်မှုတွေအတွက် ဖေ့စ်ဘုတ်ဟာ အရေးကြီးတဲ့ နေရာတစ်ခုဖြစ်လာသလို ပြည်တွင်းသုံးစွဲသူဦးရေလွန်စွာများပြားလှတဲ့အတွက် ဝက်ဘ်ဆိုက်အသုံးပြုသူတွေနဲ့ တိုက်ရိုက်ထိတွေ့ဆက်ဆံလာနိုင်တဲ့ နေရာတစ်ခုလည်းဖြစ်လာပါတယ်။ ဒ့ါအပြင် ပြည်တွင်းဝက်ဘ်ဆိုက်တွေရဲ့ နံပါတ် ၂ နေရာမှာရှိနေတယ်ဆိုတော့ ဆိုရှယ်မီဒီယာကို ကောင်းကောင်းအသုံးချတတ်မယ်ဆိုရင် ပြည်တွင်းက အခြားဝက်ဘ်ဆိုက်တွေလည်း ထိပ်တန်းဝက်ဘ်ဆိုက် ၁၀၀ ထဲကို အချိန်တိုအတွင်း ဝင်လာနိုင်မယ်လို့ ထင်ပါတယ်" ဟု Kaymu.com.mm မှ Public Relations Manager သက်နောင်ဝင်းက ဆိုသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူဦးရေ များလာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများကလည်း အင်တာနက်တွင် မိမိတို့အမှတ်တံဆိပ်ကို ကြော်ငြာခြင်း၊ ဈေးကွက်ရှာဖွေခြင်းများကို အဓိကနည်းလမ်းတစ်ခုအနေဖြင့် လုပ်ကိုင်လာကြကြောင်း သိရသည်။ ဆိုရှယ်နက်ဝပ်ဖြစ်သည့် ဖေ့စ်ဘွတ်ခ်တွင် ကြော်ငြာသည့်အပြင် လူကြည့်များသည့် ဝက်ဘ်ဆိုက်များတွင် ကြော်ငြာခြင်း၊ ကိုယ်ပိုင်ဝက်ဘ်ဆိုက်များ တည်ထောင်ခြင်းတို့ကိုလည်း လုပ်လာကြကြောင်း သိရသည်။

**ဖေ့စ်ဘွတ်ခ်သည် မြန်မာနိုင်ငံမှ အသုံးအများဆုံးဝက်ဘ်ဆိုက်စာရင်းတွင် ဒုတိယနေရာ၌ ရှိနေသဖြင့် အွန်လိုင်းကြော်ငြာလုပ်ငန်းများ၊ အွန်လိုင်းဈေးရောင်းလုပ်ငန်းများအနေဖြင့် ဖေ့စ်ဘွတ်ခ်ကို အကျိုးရှိအောင် အသုံးချခြင်းဖြင့် မိမိတို့ဝက်ဘ်ဆိုက်ကို လူသိများအောင် ဆောင်ရွက်ရန် အခွင့်အလမ်းများစွာရှိနေသည်. . .**

"မြန်မာပြည်အွန်လိုင်းဈေးကွက်မှာ လက်ရှိ Banner လို့ခေါ်တဲ့ နေရာတွေမှာ အထူးကြော်ငြာလုပ်လာတာကိုတွေ့မြင်လာရတယ်။ အွန်လိုင်းအသုံးပြုမှု မြင့်တတ်လာတဲ့အတွက် အွန်လိုင်းပေါ်မှာ ကြော်ငြာတာတွေက ပိုမိုထိရောက်တယ်လို့မြင်တော့ အွန်လိုင်း Marketing တွေဘက်ကို ပိုမိုပြီး အားစိုက်လာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အွန်လိုင်းကနေ အလုပ်အကိုင်ရှာဖွေလာကြတယ်၊ လုပ်ငန်းတွေကို ပိုမိုကျယ်ပြန့်လာအောင် အွန်လိုင်းကနေတစ်ဆင့် ကြော်ငြာလုပ်တာကို လုပ်ငန်းရှင်တွေကလည်း ပိုသဘောကျလာကြပါတယ်။ ကိုယ့်ပစ္စည်းကို Branding ဖြစ်အောင်လုပ်တဲ့လူတွေဆို Facebook လိုနေရာမျိုးမှာ page တွေပြုလုပ်ပြီး social Media ကနေ ပိုပြီးကျယ်ပြန်အောင် အွန်လိုင်းကိုအကျိုးရှိရှိ အသုံးပြုလာကြတာကိုတွေ့မြင်နိုင်ပါတယ်။ မြန်မာစွန့်ဦးတီထွင်လုပ်ငန်းလုပ်ကိုင်တဲ့ လူတွေအတွက် ဒါက အလွန်ကို အသုံးဝင်ပြီး ငွေကြေးနည်းနည်းနဲ့ လုပ်ငန်းလိုသူတိုင်းသိအောင် ပြုလုပ်နိုင်တဲ့နည်းဆိုတော့ အလွန်ပဲစိတ်ဝင်စားဖို့ ကောင်းပါတယ်။ မြန်မာပြည်ကလူတွေ အွန်လိုင်းအသုံးပြုမှု ဒီထက် မြင့်တက်လာတာနဲ့အမျှ အွန်လိုင်းစီးပွားရေးလုပ်ငန်းတွေကလည်း ပိုမိုအောင်မြင်နိုင်ချေ မြင့်တက်လာမှာဖြစ်ပါတယ်"ဟုAds.com.mm ဝက်ဘ်ဆိုက်မှ Mr .Elijah Htang က ပြည်တွင်းမှ အွန်လိုင်းစီးပွားရေးလုပ်ငန်းများ၏ အခြေအနေနှင့်ပတ်သက်၍ သုံးသပ်ပြောကြားသည်။

မြန်မာနိုင်ငံတွင် လက်ရှိအွန်လိုင်းအသုံးပြုနေသူပေါင်း ၁၉ သန်းခန့်အထိ ရှိလာပြီး အွန်လိုင်းပေါ်မှ ဈေးရောင်းချသည့် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်နေသူပေါင်း ၄၀၀ ကျော်ခန့် ရှိနေကြောင်းသိရသည်။ အွန်လိုင်းပေါ်မှ ဈေးရောင်းသူများတွင် အများစုမှာ Facebook Page များပြုလုပ်ကာ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းပုံစံမျိုးဖြင့် လုပ်ကိုင်ကြခြင်းဖြစ်ပြီး လုပ်ကိုင်သူအားလုံး၏ ၇၄ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ပြောင်းလဲလာသော ဈေးဝယ်မှုပုံစံနှင့် လူနေမှုပုံစံများ၊ အင်တာနက်အသုံးပြုမှု ကျယ်ပြန့်လာခြင်း၊ မိုဘိုင်းအင်တာနက်သုံးသူဦးရေမှာလည်း ဆက်လက်တိုးပွားလာဖွယ်ရှိနေခြင်းတို့ကြောင့် အွန်လိုင်းပေါ်မှ ဈေးရောင်းချသည့် စီးပွားရေးလုပ်ငန်းများနှင့် အွန်လိုင်းကြော်ငြာများသည် ပိုမိုအောင်မြင်လာနိုင်ကြောင်း စီးပွားလုပ်ငန်းစစ်တမ်းကောက်ယူသူများက မှတ်ချက်ချထားသည်။

**သတင်းဆောင်းပါး-သူရဖြိုး**

## နည်းပညာဆိုင်ရာ ဗဟုသုတများ တိုးတက်စေရေးအတွက် MCPA Quiz 2015 ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၇**

မြန်မာနိုင်ငံအတွင်းမှ လူငယ်များနှင့် နည်းပညာဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများမှ ကျောင်းသားကျောင်းသူများ အနေဖြင့် IT နည်းပညာဆိုင်ရာများကို ပိုမိုစိတ်ဝင်စားမှုရှိလာပြီး အရည်အသွေးပြည့်ဝလာစေရန်၊ IT ဆိုင်ရာပညာဗဟုသုတများ တိုးပွားလာစေရန်အတွက် MCPA Quiz 2015 ပြိုင်ပွဲကိုမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကကြီးမှူး၍ ဩဂုတ်လအတွင်း ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်လျှောက်လွှာများကို စတင်ထုတ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများအနေဖြင့် နည်းပညာဆိုင်ရာမေးခွန်းများကို အဖွဲ့လိုက်ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် Team Work အနေဖြင့် စုစည်းလုပ်ကိုင်တတ်စေရန်၊ နိုင်ငံတကာ အသိအမှတ်ပြု IT စာမေးပွဲများ ဖြေဆိုရာတွင် အဆင်သင့်ဖြစ်စေရန် ရည်ရွယ်၍ MCPA Quiz ပြိုင်ပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၁၅ ရက်နှင့် ၂၂ ရက်တွင် MICT Park ၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာများကို www.mcpamyanmar.org ဝက်ဘ်ဆိုက်တွင် ဒေါင်းလုပ်ရယူနိုင်ပြီး ယခင်နှစ်မေးခွန်းဟောင်းများကို လေ့လာလိုပါက www.itpec.org/pastex-amqa/fe.html တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာ ပညာရှင်အသင်း ဖုန်း-၀၁-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

**ကန့်ကွက်နိုင်ပါကြောင်း**

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂ K၊ မြေကွက်အမှတ် ပဋ္ဌမတန်းစား (၈၂)၊ မြေကွက်တည်နေရာအမှတ် (၅၁)၊ ၉၄ လမ်း၊ ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ဒေါ်ဖွားကြည်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ဖွားကြည်(မိခင်)နှင့် ဦးစိန်ဝင်း(ဖခင်)တို့ ကွယ်လွန်သဖြင့် (၁)ဦးခင်မောင်ဝင်း ၁၂/မဂတ(နိုင်)၀၄၇၈၄၃၊ (၂) ဒေါ်လှလှဝင်း ၁၂/မဂတ(နိုင်)၀၄၂၇၇၉၊ (၃) ဒေါ်မြမြဝင်း ၁၂/ဗဟန(နိုင်)၀၄၄၄၁၆၊ (၄) ဒေါ်မူမူဝင်း ၁၂/ဥကတ(နိုင်)၀၁၅၄၅၂၊ (၅) ဦးသန်းဌေး ၁၂/ဗဟန(နိုင်)၀၄၄၃၀၀၊ (၆) ဦးမြင့်စိုး ၁၂/မဂတ(နိုင်)၀၄၇၀၄၄၊ (၇) ဦးနိုင်ဝင်း ၁၂/ဗဟန(နိုင်)၀၁၀၈၂၅၊ (၈)ဒေါ်ဝါဝါ ၁၃/နစန(နိုင်)၀၂၃၉၀၄၊ (၉) ဒေါ်ဥမ္မာဝင်း ၁၂/မဂတ(နိုင်)၀၄၅၆၅၇တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ GP ရရှိသူ ဒေါ်ဥမ္မာဝင်း ၁၂/မဂတ(နိုင်)၀၄၅၆၅၇ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

(၁) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောက်ရွက်မည့် ကနီ-မင်းကင်း-တောင်တွင်းချောင်လမ်း(မြို့မ-မင်းကင်း)အပိုင်း၊ မိုင်(၆၃/၃-၈၀/၆)အတွင်း မြေသားလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။
(၂) ဆောင်ရွက်လိုသည့် မြေသားလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း၏ အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူးရုံး(ကလေးဝမြို့)တွင် စုံစမ်းနိုင်ပါသည်။
(၃) တင်ဒါလျှောက်လွှာပုံစံများကို လမ်းအထူးအဖွဲ့(၇)၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ ကလေးဝမြို့တွင် ၁၇-၇-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၅ရက်၊ မွန်းတည့် ၁၂နာရီ
**တင်ဒါရွေးချယ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၅ရက်၊ ညနေ ၄း၃၀နာရီ
**တင်ဒါရွေးချယ်မည့်နေရာ** - လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၇) ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကလေးဝမြို့။ ဖုန်း-၀၇၃-၄၄၀၀၅

**တင်ဒါစိစစ်ရေးကော်မတီ**

**မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ ယာဉ်ကြီးမောင်းသင်တန်းဖွင့်လှစ်မည်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယာဉ်ကြီးမောင်းကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ သင်တန်းသားများခေါ်ယူနေပြီ ဖြစ်ပါသည်။

အဆိုပါယာဉ်ကြီးမောင်းသင်တန်းကို ဩဂုတ် ၃ရက်မှ ၁၄ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သင်တန်းသား ၃၀ ဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သင်တန်းမှူး၊ မော်တော်ယာဉ်သင်တန်းဌာနခွဲ ဖုန်း-၀၉-၄၄၄၀၃၄၆၈၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၅၉၂၉ SWANHTET LIGHT TRUCK, Pick Up (4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ခိုင် ၉/မရတ(နိုင်)၁၂၅၀၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၃ယ/၂၉၁၆၁ Yamaha DT 125 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စန်း ၅/ကလတ(နိုင်)၀၁၉၂၁၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ယ/၄၀၈၃၈ Yamaha DT 125 R, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဝင်း ၉/ခမစ(နိုင်)၀၁၄၆၂၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7G/3355, SUZUKI CARRY DA63T,P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာမျိုး ၁၂/ကခက(နိုင်)၀၉၄၄၄၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၃ယ/၆၃၅၀၆ Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောထွန်းအောင် ၉/ပကခ(နိုင်)၀၂၂၇၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# Congratulations!

UAB
United Amara Bank

## The Asian Banking & Finance Awards 2015

(၂၀၁၅)ခုနှစ်အတွက် စင်ကာပူနိုင်ငံအခြေစိုက် Asian Banking & Finance (ABF)မှ
ဇူလိုင်လ(၈)ရက်နေ့တွင် ဂုဏ်ပြုချီးမြှင့်သော –

### Wholesale Banking Awards

(၁) Myanmar Domestic Project Finance Bank of the Year

(၂) Myanmar Domestic Trade Finance Bank of the Year

### Retail Banking Awards

(၃) Core Banking System Initiative of the Year

စုစုပေါင်း ဆု(၃)ဆုအား **ယူနိုက်တက်အမရဘဏ်**မှ လက်ခံရရှိခြင်းအတွက်
အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

- Central Marketing Co.,Ltd.
- Dr. Kaung Kyaw Swe( K Future Co.,Ltd)
- Elephant Construction Group Ltd.
- Family United Power Co.,Ltd (Hyundai Construction Machinery)
- Golden Hawks Co., Ltd
- Golden Rice Co.,Ltd
- Hone Shin Co., Ltd.
- I Green Construction Co.,Ltd
- KT Construction Co.,Ltd
- Myanmar Acme Production Co., Ltd
- Myanmar Album Media Services Co.,Ltd
- Myanmar Millenium Group Co.,Ltd
- Myanmar V-Pile Co.,Ltd
- Myit Wah Industry Co.,Ltd
- Ocean Harvest (Myanmar) Ltd
- Sein Than Agro Industry Co., Ltd.
- Seven Golden Lions Co.,Ltd
- Supreme Group of Companies
- Taw Win Family Co.,Ltd
- U Kyi Soe (Kaung Htet Myanmar Manufacturing & Distribution Co., Ltd)
- U Myo Myint (MD) Myo Naing Nine Int'l Trading Co.,Ltd
- U Soe Win Thant (Director) Global World Insurance Co.,Ltd
- U Than Naing (MD) Naing Family Construction Material Trading Co.,Ltd
- Yatanarpon Teleport Public Co.,Ltd

## လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## ဝန်ကြီးရုံး
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် အသုံးပြုရန် လိုအပ်သော စက်ဆီချောဆီတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလွှာများကို ၂၄-၇-၂၀၁၅ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်သွင်းရပါမည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာများတွင် ရုံးချိန်အတွင်း (၁)စောင်လျှင် ကျပ် ၅၀၀၀/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**ရုံးအမှတ်၄၈၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၃၁၀၁၁၊၀၆၇-၄၃၁၀၀၂**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
## ပစ္စည်းဝယ်ယူရေးအဖွဲ့

ရက်စွဲ- ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

(က) ၆၀/၇၀ လမ်းခင်းကတ္တရာ ၄၆၀၀ တန်
(ခ) Asphalt Concrete Plant 1 Set
(ဂ) Nikon Camera (D-3200) ၁၆ လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၄-၇-၂၀၁၅ရက် ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

---

# ပစ္စည်းတင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၈)၊ ဖောင်းပြင်မြို့မှ ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လုပ်ငန်းများအတွက်လိုအပ်သည့် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ပေးပို့ရမည့်နေရာ |
|---|---|---|---|
| ၁။ | 12 mmØ နှင့်အောက်သံချောင်း (MEC)(Export) | ၄.၄ တန် | မော်လိုက်ဆိပ်ကမ်းပေါ်အရောက် |
| | 12 mmØ နှင့်အောက်သံချောင်း (MEC)(Export) | ၆.၆ တန် | ဖောင်းပြင်ဆိပ်ကမ်းပေါ်အရောက် |
| ၂။ | 16 mmØ နှင့်အထက်သံချောင်း (MEC)(Export) | ၉.၈ တန် | မော်လိုက်ဆိပ်ကမ်းပေါ်အရောက် |
| | 16 mmØ နှင့်အထက်သံချောင်း (MEC)(Export) | ၁၃.၂ တန် | ဖောင်းပြင်ဆိပ်ကမ်းပေါ်အရောက် |
| ၃။ | ဒီဇယ်ဆီ | ၅၀၀၀ ဂါလန် | မော်လိုက်ဆိပ်ကမ်းပေါ်အရောက် |
| | ဒီဇယ်ဆီ | ၄၀၀၀၀ ဂါလန် | ဖောင်းပြင်ဆိပ်ကမ်းပေါ်အရောက် |
| ၄။ | ဘိလပ်မြေ(အပါချီ/ထိုင်းဆင်) | ၂၀၀ တန် | မော်လိုက်ဆိပ်ကမ်းပေါ်အရောက် |
| | ဘိလပ်မြေ(အပါချီ/ထိုင်းဆင်) | ၈၀၀ တန် | ဖောင်းပြင်ဆိပ်ကမ်းပေါ်အရောက် |

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၅ ရက်
**တင်ဒါပုံစံရောင်းချမည့်နေရာ** - ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)ရုံး၊ လမ်းဦးစီးဌာန၊ မော်လိုက်မြို့
**နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန်** - ၂၃-၇-၂၀၁၅ ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၄-၇-၂၀၁၅ ရက်၊ မွန်းလွဲ ၁၄း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မော်လိုက်မြို့**
**ဖုန်း-၀၇၃-၄၂၁၀၄၊ ၀၇၃-၄၂၀၄၈**

---

## ၂၀၁၅ ခုနှစ်
## မြန်မာဟာဂျီလောင်းများ ဟဂျ်စေလွှတ်ရေးကိစ္စ
# ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅ခုနှစ် ဟဂျ်စေလွှတ်ရေးကြီးကြပ်မှုကော်မတီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၏ ၂၀၁၅ခုနှစ်အတွက် ဟဂျ်ခွဲတမ်းရရှိသည့် မြန်မာဟာဂျီလောင်း(၂၈၀)ဦးအား ဟဂျ်ခရီးစဉ်ပို့ဆောင်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး၊ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၏ **မော်နာဇင်ကဒ်** တရားဝင်ရပြီးထားသော ခရီးသွားကုမ္ပဏီများမှ မြန်မာကျပ်ငွေဖြင့် ချိပ်ပိတ်တင်ဒါများ တင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ (က) တင်ဒါစည်းကမ်းနှင့်ပုံစံများကို တစ်စုံလျှင်(၅၀၀၀)ကျပ်နှုန်းဖြင့် အမှတ် ၁၈၄(၃လွှာ)၊ ဗိုလ်စွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဟဂျ်စေလွှတ်ရေးကြီးကြပ်မှုကော်မတီရုံးခန်း)တွင် ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

(ခ) တင်ဒါစည်းကမ်းနှင့်ပုံစံကို ၂၀-၇-၂၀၁၅ ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး ချိပ်ပိတ်တင်ဒါကို ၂၇-၇-၂၀၁၅ရက် မွန်းလွဲ ၂း၀၀နာရီ နောက်ဆုံးထား၍ ပုံစံဝယ်ယူသည့် ရုံးခန်းတွင်ပင် တင်သွင်းပေးရပါမည်။ သတ်မှတ်ချိန်ထက် ကျော်လွန်တင်သွင်းသော တင်ဒါများနှင့် စည်းကမ်းချက်နှင့်ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

(ဂ) ယမန်နှစ်တွင် ဈေးနှုန်းသက်သာမှုအပေါ် အခြေခံဆောင်ရွက်ခြင်းကြောင့် အခက်အခဲ တွေ့ကြုံခဲ့ရသဖြင့် ၈-၇-၂၀၁၅ရက် ကျင်းပပြုလုပ်သည့် သာသနာရေးဝန်ကြီးဌာန၏ ဟဂျ်အစည်းအဝေးလမ်းညွှန်ချက်အရ တင်ဒါရွေးချယ်ရာတွင် ဈေးနှုန်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ လုပ်ငန်းအတွေ့အကြုံနှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီ၏ တင်ပြသည့်လုပ်ငန်းစီမံချက်နှင့် ဝန်ဆောင်မှုအပေါ်မူတည်၍ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဟဂျ်ကြီးကြပ်မှုကော်မတီ၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ် အဆုံးအဖြတ်ဖြစ်သည်။

(ဃ) စိစစ်ရွေးချယ်ခံရသော ခရီးသွားလုပ်ငန်းကုမ္ပဏီအား ၃၀-၇-၂၀၁၅ ရက်တွင် အတည်ပြု ကြေညာပေးသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**၂၀၁၅ ခုနှစ် ဟဂျ်စေလွှတ်ရေးကြီးကြပ်ရေးကော်မတီ**

---

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်နေသည့် လမ်းမကြီးများ၏ လမ်းနယ်နိမိတ်သတ်မှတ်ချက်အား အသိပေးကြေညာခြင်း

မြန်မာနိုင်ငံသည် World Road Association အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး အာဆီယံနိုင်ငံများနည်းတူ လမ်းအဆင့်အတန်းများ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အတွက် လမ်းနယ်နိမိတ်များအား ASIAN , ASEAN & GMS Road Standard and Class များနှင့်အညီ အောက်ပါအတိုင်း သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည် -

| စဉ် | လမ်းအဆင့်အတန်း | လမ်းနယ်နိမိတ် အကျယ် | မှတ်ချက် |
|---|---|---|---|
| 1 | အမြန်လမ်းမကြီး(Expressway) | 122 m (400') | 4 or more Lanes |
| 2 | အထူးသတ်မှတ်လမ်းများဥပမာ-Special Ring Roads | 91.44 m (300') | 4 or more Lanes |
| 3 | နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး(International Highway) (i.e. ASIAN Highway, ASEAN Highway,GMS Highway) | 70 m (230') | 4 or more Lanes |
| 4 | ပြည်ထောင်စုလမ်းမကြီး(National Highway) | 45.75 m (150') | Up To 4 Lanes |
| 5 | တိုင်းဒေသကြီး/ပြည်နယ်များ ဆက်သွယ်သည့်လမ်း (Regions/States Collector Road) | 45.75 m (150') | From 2 Lanes To 4Lanes |
| 6 | ခရိုင်/မြို့နယ်များဆက်သွယ်သည့်လမ်း (Districts/Townships Collector Road) | 45.75 m (150') | 2 Lanes |
| 7 | မြို့နယ်-ကျေးရွာများ ဆက်သွယ်သည့်လမ်း (Townships-Villages Collector Road) | 30.5 m (100') | 1 Lane |

အထက်ပါသတ်မှတ်ထားသော လမ်းနယ်နိမိတ်များအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၏ခွင့်ပြုချက်မရရှိဘဲ ကျူးကျော် ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ပါက အမြန်လမ်းမကြီးဥပဒေနှင့်လမ်းမကြီးများဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

**လမ်းဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

မှတ်ချက်။ အဆိုပါ သတ်မှတ်ချက်သည် မူလ(၁၀၀)ပေအကျယ်ရှိသည့် မြို့တွင်း၊ ရွာတွင်းလမ်းများအတွက် ယခင်ရှိပြီးဖြစ်သော မြို့/ရွာ လမ်းမဘေး နေအိမ်ဝန်းခြံများနှင့် သက်ဆိုင်ခြင်းမရှိပါ။ လမ်းမကြီးများ ဥပဒေအသစ် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ( ၂၄. ၇. ၂၀၁၄ ) ရက်နေ့နောက်ပိုင်း ကျူးကျော်ဆောက်လုပ်မှုများနှင့်သာသက်ဆိုင်ပါသည်။

---

# ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

